www.dhammadownload.com

ဦးလှခင် (ဆန်းညွန့်ဦး) သည်
လူကြီးလူငယ်အရွယ်မရွေးဖတ်ရှုနိုင်ကြရန်
ခေတ်သုံးစကားပြေဖြင့်ရေးသားစီစဉ်အပ်သော

# ငါးရာ့ငါးဆယ်
# နိပါတ်တော်

လက်ရွေးစင်ဝတ္ထုများ

အမှတ်
၄

## သြော်မိန်းမ

## သြော်မိန်းမ

ဇာတ်ဝတ္ထုပေါင်း (၁၉) ပုဒ်

(စတုတ္ထအကြိမ်)

www.dhammadownload.com

ဦးလှခင် (ဆန်းညွန့်ဦး) စီစဉ်သော

နေ့တစ်သုံးစကားပြေ

# ငါးရှင်ငါးဆယ်

နိပါတ်တော်

## လက်ရွေးစင် ဝတ္ထုများ

အမှတ် (၄)

## ဩဘော်မိန်းမ–ဩဘော်မိန်းမ

ဇာတ်ဝတ္ထုပေါင်း (၁၉)ပုဒ်

ပြည်လုံးကျွတ် ဖြန့်ချိရေး

ဒေါ်အေးတင်နှင့်သားများ
စကြာအေးစာပေ

အမှတ် ၂၂၄–၃၈ လမ်း၊
ရန်ကုန်မြို့။

တင်တင်အေး
ပိဋကတ်စာပေ ဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီး
တောင်ဘက်ဈေးတော်ရုံ
ရန်ကုန်မြို့။

-1 (စတုတ္ထအကြိမ်)

www.dhammadownload.com

၅၅၀–အမှတ် ၄
စာမူခွင့်ပြုချက်အမှတ်
(၅၄/၉၄) (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
(၃/၉၄) (၁၁)

၁၉၉၄ ခုနှစ်၊ နိဝင်ဘာလ (ပထမအကြိမ်)
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ,ကျပ်

မျက်နှာဖုံးနှင့်အတွင်းသားရိုက်
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်ပုံနှိပ်တိုက်
အမှတ်–၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်။
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်တင်တင်အေး (၀၂၀၃၃)
တင်တင်အေးပိဋကတ်စာပေ၊ အမှတ်– ၁၄
ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့။

www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမနှင့် ဂါရဝ | ၆ |
| | အာသီသ (နိဒါန်း) | ၇ |
| | မိုင်ပြမ်းပြုကျမ်းများ | ၈ |
| ၁။ | ပဉ္စကနိပါတ် ၃၇၄။ စူဠဓနုဂ္ဂဟဇာတ်<br>သူခိုးဓားရိုးကမ်းသည့် မိန်းမဝတ္ထု<br>သူခိုးကြီးကိုကြိုက်၍ လင်ကိုသေစေရန်ကြံသော မိန်းမဇာတ်။ | ၉ |
| ၂။ | နဝကနိပါတ် ၄၃၆။ သမုဂ္ဂဇာတ်<br>ကြုတ်နှင့်ထည့်ကာ မျိုထားပါလည်း ဒါနဝယက္ခ ဘီးလူးသည် မိန်းမကို ကြုတ်တွင်းထည့်ကာမျို၍ သူသွားလေရာ ယူသွားပါလည်း ကြုတ်တွင်း၌ ဝိဇ္ဇာဓိုရ်နှင့် ပျော်ပါးသော သမုဂ္ဂသိဂီဇာတ်။ | ၁၇ |
| ၃။ | ဧကနိပါတ် ၆၂။ အဏ္ဍဘူတဇာတ်<br>ယောကျ်ားဆိုလျှင် ယင်ဖိုမှ မသန်းစေရ ဝတ္ထု<br>မွေးကတည်းက ဘုံခုနစ်ဆင့်တင်၍ ယောကျ်ားကို မမြင်ရအောင် မွေးမြူခြင်းခံရသော မိန်းမဇာတ်။ | ၂၂ |
| ၄။ | စတုက္ကနိပါတ် ၃၀၆။ သုဇာတာဇာတ်<br>ဘဝကိုမေ့သူ ဝတ္ထု<br>ဆီးသီးကိုမြင်၍ မမှတ်မိသော မိဖုရားဇာတ်။ | ၃၂ |
| ၅။ | ဧကနိပါတ် ၁၁၅။ အနုသာသိကဇာတ်<br>ဒေါ်ဩဇာ ဝတ္ထု<br>သူတစ်ပါးကို ဆုံးမပြီးကိုယ်ကမကျင့်၍ ဒုက္ခတွေ့သောဇာတ်။ | ၃၅ |

www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | ဧကနိပါတ် ၆၁။ အသာတမန္တဇာတ်<br>မိန်းနှင့်မိန်းမ အတူတူတည်း<br>အသက် ၁၂၀ ရှိသော အဘွားအို၏ဇာတ်။ | ၃၇ |
| ၇။ | ပဥ္စကနိပါတ် ၃၆၀။ သုဿောန္တီဇာတ်<br>ထိန်းသိမ်းမရ ထိုမိန်းမ ဝတ္ထု။ | ၄၁ |
| ၈။ | စတုက္ကနိပါတ် ၃၄၀။ ကာကဝတီဇာတ်<br>လင်ငယ်ကို အတောင်ကြားမှ ခေါ်ဆောင်သွား<br>ရသော ဂဠုန်မင်း ဝတ္ထု။ | ၄၄ |
| ၉။ | ပဥ္စကနိပါတ် ၃၅၉။ သုဝဏ္ဏမိဂဇာတ်<br>ချစ်လင်ကို အနှောင်အဖွဲ့မှ လွတ်စေသော<br>မိန်းမ ဝတ္ထု။ | ၄၈ |
| ၁၀။ | အသီတိနိပါတ် ၅၃၆။ မဟာကုဏာလဇာတ်<br>ကုရုက်ဒေဝီ ဝတ္ထု။<br>မှောက်မှားပြီးရင်း မှောက်မှားရင်းဇာတ်။ | ၅၃ |
| ၁၁။ | စတုက္ကနိပါတ် ၃၄၁။ ကဏ္ဍရီဇာတ်<br>ငဆွံ့နှင့် ယွင်းမှားသော တောင်ညာစံ မိဖုရား<br>ဝတ္ထု။ | ၅၆ |
| ၁၂။ | ဧကနိပါတ် ၉၃။ ဝိသာသဘောဇနဇာတ်<br>အဆိပ်ကို သတိထား ဝတ္ထု<br>ပြောင်မကို ချစ်မိသော ခြင်္သေ့ အဆိပ်မိ<br>ရသောဇာတ်။ | ၆၄ |

www.dhammadownload.com

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ဆက္ကနိပါတ် ၃၈၂။ သိရိကာဠကဏ္ဏိဇာတ်<br>သိရီနတ်သမီး ဝတ္ထု<br>ကျက်သရေရှိသော မိန်းမဇာတ်။ | ၆၆ |
| ၁၄။ | ဆက္ကနိပါတ် ၃၈၃။ ကုက္ကုဋဇာတ်<br>လှည့်စားမှုအတန်တန် မိန်းမတို့ဉာဏ် ဝတ္ထု<br>ကြက်မင်းနှင့် ကြောင်မဇာတ်။ | ၇၁ |
| ၁၅။ | ဧကနိပါတ် ၂၁၇။ အသာကဇာတ်<br>ဟိုဘဝဟိုကိုယ်၊ သည်ဘဝသည်ကိုယ်<br>ဟိုဘဝက လင်ထက် လက်ရှိချေးပိုးထိုးကို<br>ပို၍ ချစ်သည်ဆိုသော ဇာတ်။ | ၇၇ |
| ၁၆။ | သတ္တကနိပါတ် ၄၁၁။ သုသီမဇာတ်<br>ဝတ်ကြောင်ကို ဖွတ်ရှောင်ရန်းသည့်ဝတ္ထု<br>သား၏သူငယ်ချင်းကို ချစ်မိသော မယ်တော်။ | ၈၂ |
| ၁၇။ | နဝကနိပါတ် ၄၃၁။ ဟရိတစဇာတ်<br>ဝေးရာကိုပြေးပါတော့မည်ဝတ္ထု<br>မိဖုရားနှင့်မှားယွင်းမိသော ရသေ့ဇာတ်။ | ၈၈ |
| ၁၈။ | ဧကနိပါတ် ၆၅။ အနဘိရတိဇာတ်<br>မိန်းမကြောင့် စိတ်ညစ်မနေနဲ့ ဝတ္ထု<br>မိန်းမအကြောင်း ဇာတ်။ | ၉၃ |
| ၁၉။ | ဧကနိပါတ် ၆၄။ ဒုရာဇာနဇာတ်<br>မိန်းမဟူသည် ထိုက္ကတ္တိကား<br>မိန်းမအကြောင်းဇာတ်။ | ၉၅ |

www.dhammadownload.com

# မှီငြမ်းကျမ်းပြုချက်များ

(၁) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော် ပြန်ဆိုရေးသားတော်မူသော ငါးရာ့ငါးဆယ် ဇာတ်တော်ကြီးဝတ္ထု (ငါးတွဲ)၊ ဂန္ဓမာလာပုံနှိပ်တိုက်၊ ၁၉၆၈-ခုနှစ်။

(၂) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်၊ သုဓမ္မဝတီ (ငါးတွဲ)၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၃၃၈-ခု(ပဥ္စမအကြိမ်)။

(၃) ဆီးပန်းနီဆရာတော် ငါးရာ့ငါးဆယ် ဇာတ်ကမ္ပည်းကဝိမန္တနမေဒ့ကျမ်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့။

(၄) ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ (၉)တွဲ၊ (ပထမကျော် ဦးကြီးဖေ) ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက် ၁၉၅၈-ခု။

(၅) ဇာတ်တော် ငါးရာ့ငါးဆယ် ဦးမြင့်ဆွေ-မဟာဝိဇ္ဇာ (လန်ဒန်)၊ နဝရတ်စာပေ၊ ဒီရုံ၊ ဈေးချို၊ မန္တလေးမြို့။ (စတုတ္ထအကြိမ်)။

(၆) နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ ငါးဆယ် (မာဏဝ)၊ နှလုံးလှစာပေ၊ ၁၉၈၄-ခု (ပထမအကြိမ်)။

(၇) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ (ပထမပိုင်း)၊ ခေတ္တရာစာပုံနှိပ်တိုက်။

(၈) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ (ဒုတိယပိုင်း၊ တတိယပိုင်း)၊မြန်မာ့ဂုဏ်ရည် စာပုံနှိပ်တိုက်၊ ကာလဘတ်လမ်း၊ ကန်တော်ကလေး၊ ၁၉၅၅-ခု။

အထူးအားဖြင့် ညောင်ကန်ဆရာတော်၏ စကားပြေဝတ္ထုကြီး (၅)တွဲနှင့်၊ ဟံသာဝတီ ပထမကျော် ဦးကြီးဖေ၏ စကားပြေ (၉)တွဲကို အဓိကထား မှီငြမ်းပြုခဲ့ပါသည်။ ဆရာဦးမြင့်ဆွေ (မဟာဝိဇ္ဇာ)နှင့် မာဏဝတို့၏ ဇာတ်တော် ငါးရာ့ငါးဆယ်တို့မှလည်း အထောက်အကူးပြု၍ ကျေးဇူးတင်ရှိပါကြောင်း။

www.dhammadownload.com

# အာသီသ

## နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊**

ငါးရာ့ ငါးဆယ် ဇာတ်တော်များသည်
မြန်မာ့ ယဉ်ကျေးမှု၏ ပင်မ ရေသောက်မြစ်ဖြစ်၏။
လောကီ အကျိုးကိုလည်း တိုးပွားစေ၏။
လောကုတ္တရာ အတွက်လည်း အကျိုးများ၏။
ကျောင်းသားအရွယ် သားငယ်၊ သမီးငယ်များ
သားလိမ္မာ၊ သမီးလိမ္မာများ ဖြစ်ကြစေရန်၊
ခေတ်သုံး စကားပြေဖြင့် စီရင်ရေးသားပြီး
လူကြီး လူငယ် မရွေး ဖတ်ရှုနိုင်ကြစေရန်၊
ဆင်းရဲချမ်းသာမရွေး ဖတ်ရှုနိုင်ကြစေရန်၊
သင့်လျော်ရာ ဇာတ်ဝတ္ထုများကို၊
"လက်ရွေးစင်" အဖြစ် ရွေးချယ်ကာ
စိတ်ဝင်စားဖွယ်ရာ သရုပ်ဖော် ပုံများနှင့်အတူ
ထုတ်ဝေပါသည်။

www.dhammadownload.com

# ပဏာမ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊
နှစ်ဖြာမိဘ၊ များလှကျေးဇူး၊
ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဒါ၊
ဝန္ဒနာဖြင့်၊ ဦးစွာ ရိုကျိုး၊
ကျွန်ုပ်ရှိခိုးကာ၊ ဤစာ ကျမ်းမြတ်၊
ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်သို့။
ရည်သတည်း။ ။

## ဂါရဝ

ချွတ်ယွင်းတိမ်းပါး... တွေ့ခဲ့ငြားသော်
စိတ်ထားသဒ္ဒါ... စေတနာဖြင့်
ညွှန်ပါမည့်ကြောင်း... ကျွန်ုပ်ခွင့်တောင်းသည်
ညွှတ်ပျောင်း ခယ... ယမ်းယမ်းတည်း။ ။

**(အမျိုးသား ပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက် နိဒါန်းမှ)**

---

## ကျေးဇူးတင်လွှာ

အကျွန်ုပ်၏ ကာယအား၊ ဉာဏအား၊ ဝီရိယအားတို့ဖြင့် ပြုစုအပ်သော ဤလက်ရွေးစင် ဓမ္မပဒနှင့် ငါးရာ ငါးဆယ် လက်ရွေးစင် စာအုပ်များကို စကြာအေးစာပေမှ (မူပိုင်) ဝယ်ယူသဖြင့် ကျွန်ုပ် သက်ရှိထင်ရှားရှိစဉ် ကာလ၌ အလှူ ဒါနများ ပြုလုပ်ခွင့်ရသဖြင့် စကြာအေး စာပေအား ကျေးဇူး တင်ရှိပါကြောင်း။

ဦးလှခင်–ဆန်းညွှန့်ဦး။

www.dhammadownload.com

၅၅၀, လက်ရွေးစဉ်-၄

ဇာတ်ဝတ္ထုများ



www.dhammadownload.com

ဦးလှခင်–ဆန်းညွှန့်ဦး

## သူခိုးကိုစားရိုးကမ်းသည့် မိန်းမဝတ္ထု
(ပဥ္စကနိပါတ်၃၇၄– စူဠဓနုဂ္ဂဟဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်၊ မယားဟောင်း ဖြားယောင်းခြင်းခံရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။


### အတီတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ ဘုရားလောင်းသည် သိကြားမင်းဖြစ်၏။ ဗာရာဏသီပြည်မှ စူဠဓနုဂ္ဂဟအမည်ရှိသူသည် လေးအတတ်၌ တစ်ဖက်ကမ်းခတ်တတ်၍ တက္ကသိုလ် ဆရာကြီးက သမီးနှင့်ပေးစား၍ ဗာရာဏသီသို့ ခေါ်သွားခွင့်ပြုလိုက်၏။



www.dhammadownload.com






## လေးဝိဇ္ဇာ

ရူဋ္ဌမနုဂ္ဂဟသည် မယားကိုခေါ်၍သွားရာ တောအုပ်အလယ်သို့ရောက်လျှင် ဆင်ရိုင်းကြီးတစ်ကောင်ရန်မူလာသဖြင့် ဦးကင်းကိုမြားနှင့်ပစ်ရာ မြားသည် နှောက်က ထွက်၍သေရ၏။

ထိုအရပ်၌ ငါးကျိပ်သော ခိုးသားတို့သည် အမဲကိုမီးကင်၍စားနေကြ၏။ လင်မယားနှစ်ယောက်ကိုတွေ့လျှင် ခိုးသားများက ဖမ်းမည်ဟု စီစဉ်၏။ ခိုးသားအကြီးအကဲသည် အကဲခတ်ပညာတတ်၏။ သူ့လူများကိုမထရန်တား၏။ ရူဋ္ဌမနုဂ္ဂဟသည် မယားအား အမဲတံစို့တစ်ခုကို တောင်းခိုင်း၏။ မကျက်သော အမဲတံစို့ကိုပေးလိုက်သဖြင့် အမျက်ထွက်၏။ ခိုးသားတို့သည် ထကြ၏။ ရူဋ္ဌမနုဂ္ဂဟသည် လျင်မြန်သောအဟုန်ဖြင့် မြားများ

www.dhammadownload.com





ကို ပစ်လွှတ်ရာ ခိုးသူ လေးဆယ်ကိုးယောက် တစ်ပြိုင်နက် ကျဆုံးသွား၏။

မြားပေါင်းငါးဆယ်ပါခဲ့ရာ ဆင်ရိုင်းကိုပစ်လိုက်၍ မြား တစ်ချောင်းကုန်လေသဖြင့် ခိုးသူအကြီးအား ပစ်စရာမြားမရှိ တော့ချေ။

## သူခိုးကိုဓားရိုးကမ်းသူ

စူဠဓနုဂ္ဂဟသည် အနီးရောက်လာသော ခိုးသူကြီးကိုဖက်၍ လုံးပြီး ရင်ပေါ်တက်စီး၍ မယားလက်မှ သန်လျက်ဓားကို တောင်း၏။

မယားသည် ခဏနှင့်တွေ့သော ခိုးသူကြီးကို တပ်မက်၍ သူခိုးကို ဓားရိုးကမ်း၍ လင်ကိုအသွားဘက်ပေး၏။ ခိုးသူကြီး သည် စူဠဓနုဂ္ဂ ပညာရှိကို ဓားဖြင့်သတ်လိုက်၏။

www.dhammadownload.com





မိန်းမသည် သူခိုးကြီးရင်ခွင်သို့ပြေးကပ်၏။ သူခိုးကစစ်မေး၍ မိဘကပေးစားလင်ဖြစ်ပါသည်။ ခိုးသူကြီးကိုမြင်၍ နှစ်သက်သဖြင့် ဤသို့ကြံလိုက်ပါသည်ဟု ပြော၏။ ခိုးသူကြီး လန့်သွား၏။

မိဘပေးစားသောလင်ကိုပင် သေကြောင်း ကြံသေးလျှင် လမ်းပေါ်တွင်တွေ့ရသောငါအား နောက်တစ်ယောက်မြင်လျှင် သတ်လိမ့်မည်ဇကန်ဟု စိတ်ထဲမှဝေဖန်ပြီး နှစ်ယောက်သား လာကြရာ၊ ရေတိမ်မြစ်ကိုတွေ့လျှင် ခိုးသူကြီးက မိန်းမအား "သင့်အဝတ်အစား အထုပ်အပိုးတွေကို တစ်ဖက်ကမ်းကို

www.dhammadownload.com



အလျှင်ပို့ပြီးမှ ပြန်လာပြီး သင့်ကို ထမ်း၍ တဖက်ကမ်းကို တစ်ဖန်ကူးမည်" ဟု တိုင်ပင်၏။

ခိုးသူကြီးသည် တစ်ဖက်ကမ်း ရောက်လျှင် အထုပ်အပိုးများကိုမချဘဲထိုမိန်းမအားလှမ်း၍ "မိန်းမယုတ်နေရစ်လော့" ဟုဆိုကာ တစ်ယောက်တည်းထွက်ခွာသွား၏။

မိန်းမယုတ်သည် လင်ကြီးလင်ငယ်နှစ်ယောက်စလုံး လက်လွှတ်ရသဖြင့် သမန်းမြက် ချုံကွယ်တွင် ငိုယို၍ နေလေသည်။

## သိကြားမင်းသိမြင်လေသော်

ထိုအဖြစ်ကိုသိကြားမင်းမြင်သော် ထိုမိန်းမဆုံးမလိုသဖြင့် ထိုမိန်းမရှေ့တွင် သိကြားမင်းက မြေခွေးယောင်ဆောင်၍အမဲကင်ကိုချီလာ၏။ မာတလိသည်ငါးအရှင်ယောင်ဆောင်၍ ရေထဲမှ ခုန်တတ်၏။ သိကြားမြေခွေးသည် အမဲကင်ကိုချ၍ ငါးစိမ်းကိုချဏယူရန်ပြေးသွား၏။ ငါးသည်ခုန်၍ ရေထဲပြန်ဆင်း၏။ ပဥ္စသိခနတ်သားသည် မြေခွေးမရောက်မီပင် ကျီးယောင်ဆောင်၍ အမဲကင်ကိုချီသွား၏။ မြေခွေးသည် သမန်ချုံကြားကမိန်းမကို ကြည့်လျက်မကြည်သာ ရပ်နေ၏။ မိန်းမက အားရပါးရ ရယ်ပြီး မြေခွေးအား ...

"သင်သည် အလို ရမ္မက်ကြီးသဖြင့် အမဲလည်း ဆုံး ငါးလည်း ဆုံးပြီးမှိုင်နေရ၏" ဟုဆို၏။ ထိုအခါ မြေခွေးက ...

"အကျင့်ယုတ်မာ သီလ ကင်းကွာတဲ့ မိန်းမ၊ သင်သည် သူတစ်ပါး အပြစ်သာ မြင်၏။ ကိုယ့်အပြစ် ကိုယ် မမြင်၊ အဖေပေးစားသော လင်နှင့် အမြှောင်ထားသော လင်ပါ ဆုံးရှုံးရသဖြင့် ငါ့ထက် သာနေသလိုပါပဲလား"

www.dhammadownload.com





"မြေခွေးမင်း သင် ပြောသလိုပါပဲ၊ ဒါပေမယ့် သည်အရပ်က သွားလျှင် လင်တစ်ယောက်ထပ်ပြီး ရနိုင်ပါသေးတယ်" ဟုဆို၏။ ထိုအခါ သိကြားမင်းက...

"မိန်းမယုတ် သင် ဘယ်လို ပြောလိုက်တာလဲ၊ မြေ ခွက်ကို ခိုးတတ်သူသည် ရွှေခွက်၊ ငွေခွက်ကိုလည်း ခိုးမည် မုချ" ဟု ပြောဆိုကာ မိမိနေရာသို့သွား၏။

ဇာတ်ပေါင်းသော်

ရှင်ဥဒေနဂ္ဂသည်–ငြီးငွေ့သောရဟန်း၊
ထိုမိန်းမသည် ရဟန်း၏မယားဟောင်း၊
သိကြားမင်းသည်–ငါဘုရား၊
ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com



## စကားပုံဇာတ်လမ်းများ

(ဤကား ဗဟုသုတအရာအတွက် မှတ်ချက် ဖြစ်ပါသည်။) ဝိစိတ္တရ စကားပုံ အဖြေကျမ်းတွင် ဤဇာတ်တစ်ဇာတ်တည်းနှင့် စကားပုံလေးခုပေါ်ထွက်ဟန် ရေးသားထားသည်ကား–

"အသားလို၍ အရိုးတောင်း" စူဠဓနုဂ္ဂသည် မယားကို ခိုးသူတို့ထံ အရိုးကိုပေးလိုက်ပါဟုတောင်းစေ၏။အရိုးကိုပေးလိုက်သောအခါ စိတ်ဆိုးပြီး "အသားလိုချင်လို့ အရိုးတောင်းသည်ကို အလိုက်မသိရကောင်းလား" ဟု ခိုးသားတို့အား လေးနှင့် ခွင်းသည့် အကြောင်းဖြင့် "အသားလို၍ အရိုးတောင်း" စကားပုံကိုဖြစ်စေသည်။

"သူခိုးဓားရိုးကမ်း" ကား ယခုအတိုင်းပင်။

"ငါးစိမ်းမြင် ငါးကင်ပစ်" ကား ဇာတ်တော်တွင်သိကြားမင်း မြေခွေးယောင်ဆောင်ပြီး အမဲကင်တုံးကိုချီလာသည့်နေရာတွင် သိကြားမြေခွေး ငါးကင်းချီလာရာ ငါးစိမ်းမြင်၍ငါးကင်ကိုပစ်ချပြီး လိုက်အဖမ်း ငါးကင်စွန်ချီသွားပုံမှ "ငါးစိမ်းမြင် ငါးကင်းကိုပစ်" စကားကိုဖြစ်စေသည်။

"ငါးစိမ်းကိုခင် ငါးကင် ကျီးချီ" ဟူသောစကားပုံလည်း ထိုအတိုင်းပင်၊ ဤဇာတ်တစ်ဇာတ်ထဲတွင် စကားပုံ ၄–မျိုး ထွက်ရှိခဲ့ပေသည်။

www.dhammadownload.com

၅၅၀, လက်ရွေးစဉ်–၄

# ကြွတ်နှင့်ထည့်ကာ မျိုထားပါလည်း

(နဝကနိပါတ် ၄၃၆ သမုဂ္ဂဇာတ်)




ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူသည်။)

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်...

ဘုရားလောင်းရသေ့သည် ဟိမဝန္တာ၌နေ၏။

သူ့ကျောင်း၏ အနီးတွင် ဒါနောယက္ခိုက် တစ်ဦးသည် နေ၏။

တစ်နေ့တွင် အလွန်ချောမောလှပသော မိန်းမပျိုတစ်ဦးသည် အခြံအရံများနှင့်လာ၏။ ဒါနောယက္ခိုက်သည် မြင်လျှင်မြင်ချင်း အလွန်စွဲလမ်းသဖြင့် ဖမ်းဆီးပြီး မိမိနေထိုင်ရာ ဂူသို့ ခေါ်ဆောင်သွား၏။

ထိုမိန်းမကလေးအတွက် အစားအသောက်၊ အဝတ်တန်ဆာ၊ အမွှေးနံ့သာ၊ ပန်းမန်မှစ၍ အမျိုးသမီးကလေး စိတ်ကြိုက် ရှာဖွေဖြည့်ဆည်းပေးပြီး၊ တယုတယ တစ်ဦးနှင့်တစ်ဦး စွဲလမ်းချစ်ခင်ကြ၏။

ဒါနောယက္ခိုက်ဂူတွင်းမှ အပြင်သို့သွားတိုင်း သူ့မယားကလေးကို ကြုတ်တွင်းမှာထည့်၍ ဝမ်းထဲသို့မျိုချပြီး သယ်ဆောင်သွားလေ့ရှိ၏။

ထိုကြောင့် မိန်းကလေးအမည်ကို သမုဂ္ဂသိဂိ (ရွှေကြုတ်မယ်) ဟု အမည်ပေး၏။

www.dhammadownload.com



## ဝိဇ္ဇာရုန်နှင့်တွေ့လျှင်

တစ်နေ့တွင် ဒါနောယကျွိုက်သည် ရေချိုးလိုသဖြ မြစ်ဆိပ်သို့သွားပြီး ဝမ်းတွင်းမှ ရွှေကြုတ်ကိုအန်ထုတ်၍ က စပ်၌ ထားကာ ရွှေကြုတ်မယ်ကလေး ကိုလည်း နေရော ကလေးလှုံရန် ကြုတ်အနီးမှာ နေပူစာလှုံစေ၏။



ဒါနောသည် ဇနီးကလေးအပေါ် တစ်စုံတစ်ရာ သံသယ ဝင်စရာမလိုသဖြင့် ခပ်ဝေးဝေးသို့ပင် ရေကူး၍ သွားလေ၏။

ထိုအခိုက် ဝိဇ္ဇာဓိုရ်တစ်ယောက်သည် ကောင်းကင်မှပြန်လာ သည်ကို သမုဂ္ဂသီကိုမြင်လေရာ ယောကျ်ားတစ်ပါးနှင့်ပျော်ပါး

www.dhammadownload.com



လိုသောစိတ်ဖြင့် ကောင်းကင်သို့ လက်ယပ်ခေါ်ရာ၊ ဝိဇ္ဇာဓိုရ် ဆင်းလာပြီး သမုဂ္ဂသိင်္ဂိနှင့် ချစ်ကြည်စွာ စကားပြောကြ၏။ ဒါနော‌ပြန်လာသည်ကိုမြင်လျှင် ဝိဇ္ဇာဓိုရ်သည် ကြုတ်တွင်းသို့ ခိုး၍ ဝင်ရောက်ပုန်းအောင်းလိုက်လေသည်။ ဒါနောဘီးလူး လည်း အမှတ်မထားမိဘဲ ဇနီးမယားကလေးကို ကြုတ်တွင်း သို့ ပြန်သွင်းပြီး ဝမ်းတွင်းသို့ မျိုချ၍ထားလိုက်၏။

## လင်မယားသုံးယောက်

မိမိဂူသို့ ပြန်ရန် အချိန်စောသေးသဖြင့် ဘုရားလောင်း ရသေ့၏ကျောင်းသို့ ဝင်ရောက်ပြီး ကန်တော့လေ၏။ ဘုရား လောင်းရသေ့သည် ဘီးလူးအား . . .

"မင်းတို့ လင်မယားသုံးယောက် ဘယ်က ပြန်လာလဲ" ဟုမေးလိုက်လေလျှင် အံ့အားသင့်သွား၏။

"အရှင်ရသေ့၊ ဘုရားတပည့် တစ်ဦးတည်းလာပါလျက် အဘယ်ကြောင့် သုံးယောက် လာသနည်း" ဟု မေးပါသလဲ ဘုရား"

"ဒါယကာ၊ သင်၏ဝမ်းထဲရှိ ကြုတ်ထဲမှာ သင့်မယားနှင့် ဝိဇ္ဇာဓိုရ်တို့ ပျော်ပါးနေသည်ကို ငါမြင်သဖြင့် သင်တို့ လင် မယားသုံးယောက်ဟု ပြောဆိုခြင်းဖြစ်သည်" ဟု မိန့်ကြားလေ လျှင် ဒါနောသည် ဝိဇ္ဇာဓိုရ်က မိမိဝမ်းဗိုက်ကိုဖောက်ခွဲ ထွက် သွားလိမ့်မည်ဟု ကြောက်လန့်ပြီး ကြုတ်ကို အန်ထုတ်လိုက် လေသည်။ ကြုတ်ကိုဖွင့်သည်နှင့် တစ်ပြိုင်နက် ဝိဇ္ဇာဓိုရ်သည် တန်ခိုးဖြင့် ကောင်းကင်ခရီးသို့ တစ်ဟုန်ထိုး ပျောက်ကွယ် ပျံတက်သွားတော့သည်။

www.dhammadownload.com



ဒါနေ့သည် ဘုရားလောင်းရသေ့က မိမိအသက်ကယ်ဆယ်ပေးသည်ဟု များစွာချီးကျူး၍-

"မိန်းမတို့မည်သည်ကား ဝမ်းတွင်း၌ မျိုချ၍ထားသော်လည်း၊ မလုံခြုံပါတကား" ဟု လျှောက်ထား၏။ ဘုရားအလောင်းသည် ဘီးလူးအား သင်သည် ဤမိန်းမအပေါ်၌ အပြစ်မယူသင့်ဟု ဆုံးမပြီး ငါးပါး သီလပေး၍ သီလကိုစောင့်စေ၏။ ထိုမိန်းမကိုလည်း သူ့ရပ်သူ့ရွာသို့ ပြန်၍သွားစေ၏။

## ဇာတ်ပေါင်းသော်

ဒိဗ္ဗစက္ခုရသေ့သည် - ငါဘုရား ဟု ဇာတ်တော်ကို ပေါင်း၏။

## ၇။ ယောကျ်ားဆိုလျှင် ယင်ဖိုမှ မသန်းစေရ
(ကေနိပါတ် ၆၂- အဏ္ဍဘူတဇာတ်)




ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သာသနာ၌ ငြီးငွေ့သောရဟန်းကို အကြောင်းပြု ဟောတော်မူသည်။)

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်...
ဘုရားလောင်းသည် ဗြဟ္မဒတ်မင်းဖြစ်၏။
ပုရောဟိတ်ပုဏ္ဏားနှင့် အမြဲတမ်း ကြွေအန်ကစား၏။
ပုဏ္ဏားသည် ပစ္စည်းကုန်အောင်ပင်ရှုံး၏။
မင်းသည် ကြွေအန်ကစားစဉ် သီချင်း(ဂါထာ) ဆို၏။
**မြစ်ဟူသမျှကောက်ကွေ့၏။**
**တောဟူသမျှမှာ ထင်းအတိသာ ဖြစ်ကြပါ၏။**
**မိန်းမဟူသမျှသည် ဆိုက်ကွယ်ရာရောက်ကကျင့်ယုတ်ကြ၏။**
ဤသို့သီချင်းဆို၍ ကစားလေရာ အမြဲနိုင်သဖြင့် ပုရောဟိတ်သည် အကြံတစ်မျိုးထုတ်လေ၏။

### စင်ကြယ်သောမိန်းကလေး

ယောကျ်ားဟူသမျှ တစ်ရံတစ်ဆစ်မျှ မမြင်ဖူးသော မိန်းကလေးကို မွေးမြူ၍ လုံခြုံစွာထားရန် အကြံဖြစ်၏။ ထိုပုရောဟိတ်သည် ရုပ်လက္ခဏာ၌ အလွန်ကျွမ်းကျင်၏။မိန်းကလေးမွေးမည့် ဆင်းရဲသော ကိုယ်ဝန်ဆောင်ကို မြင်၍ ငွေကြေးပေးပြီး အိမ်၌သာ နေစေလျက် ဖွားမြင်သောအခါ ထိုမိန်းကလေးကို ယောကျ်ား တစ်စုံတစ်ယောက်၏ အသံကိုမျှ မကြားစေရဘဲ မိန်းမထိန်းတို့နှင့် ထားစေ၏။ ထိုမိန်းကလေး မကြီးသေးသမျှ မင်းကြီးနှင့် ကြွေအန်မကစားဘဲနေ၏။ အရွယ်ရောက်လာလျှင် သားမယားအဖြစ်သိမ်းပိုက်ပြီး မင်းကြီးကို အန်ကစားရန် ချိန်းဆိုလိုက်သည်။

မင်းကြီးနှင့်ကြွေအန်ကစားပြန်၏။

www.dhammadownload.com



မင်းကြီးက ထုံးစံအတိုင်း သီချင်းဆို၍ကြွေကိုပစ်၏။ ပုရောဟိတ်သည် မိမိအလှည့်သို့ရောက်လျှင် . . .

"သည်အထဲမှာ ကျုပ်မိန်းမတော့မပါ"ဟုဆိုကာပစ်လေလျှင် . . . ပုရောဟိတ်သည် အမြဲနိုင်လေတော့၏။

## ဖျက်လိုဖျက်ဆီး

မင်းကြီးသည် ဤပုဏ္ဏားဏ် အိမ်၌ လင်ယောကျ်ား တစ်ယောက်တည်းသာရှိသော မိန်းမငယ်တစ်ဦးရှိလိမ့်မည်ဟု စုံစမ်း၍ သိရှိရသော် ထိုမိန်းကလေး၏ အကျင့်ကို ဖျက်ဆီးနိုင်ရန် ငွေကြေးများစွာ အကုန်ကျခံ၍ စီစဉ်လေတော့သည်။ တစ်ယောက်သော သေသောက်ကြူးကိုခေါ်၍ ထိုမိန်းမကိုဖျက်ဆီးရန် တာဝန်ပေး၏။


ထိုသေသောက်ကြူးသည် အခြေအနေကိုလေ့လာ၍ ဘုံခုနစ်ဆင့်စလုံးပင် တံခါးမှခ်တိုင်း၌ မိန်းမအစောင့်အရှောက်များသာထားပြီး ယောကျ်ားဆိုလျှင် အနားမှမသီရ။ အမှိုက်သွန်သည့်လှည်းကိုပင် အဝင်အထွက်စစ်ဆေး၏။ ထိုအိမ်မှ မိန်းကလေး၏ အထိန်းတော်ကြီး တစ်ယောက်သာ အပြင်သို့ထွက်၍ ပန်းနှင့်နံ့သာများဝယ်ရန် နေ့စဉ်ထွက်ရ၏။

## ယောကျ်ားမာယာ

သေသောက်ကြူးတို့သည် ပုရောဟိတ်အိမ်အနီး လမ်းမတွင် ပန်းနံ့သာဆိုင်ကြီးတစ်ဆိုင်ကို ခမ်းနားစွာဖွင့်လိုက်၏။ အထိန်းမိန်းမသည် ပန်းနံ့သာဆိုင်အသစ် ခမ်းခမ်းနားနားတွေ့ရသဖြင့် စိတ်ဝင်စားပြီး ဝင်၍လေ့လာ၏။ ထိုအခိုက် ဆိုင်ရှင်သေသောက်ကြူးသည် အထိန်းမိန်းမကြီးကိုမြင်သည်နှင့် မိန်းမ၏ခြေရင်း၌လှဲ၍ ခြေထောက်ကိုဖက်ပြီးငို၏။

www.dhammadownload.com





“အမေရယ်၊ ဒီလောက်ကြာအောင် ဘယ်သွားနေလဲ အမေ့ကိုရှာလိုက်ရတာ” ဟုပြောရင်းငို၏။ သူ့အသိုင်းအဝိုင်းတို့ကလည်း ထိုမိန်းမကြီးကြာအောင် ...

“သားအမိဆိုတာ ဟုတ်မှာပဲ၊ မျက်နှာချင်းကလည်း ဆင်လိုက်တာ” ဟုပင့်၍ပေးကြ၏။ ဘေးကဝိုင်း၍ပင့်မှုကြောင့်ပင်

www.dhammadownload.com



အထိန်းမိန်းမသည် မိခင်ပျောက်သည့် သားတစ်ယောက်ဟု ထင်မြင်လာပြီး ရောချပင် ငိုမိသေးတော့သည်။ ထိုနောက် အလွန်လှပသောပန်းတို့နှင့် နန်းတော်တွင်း၌သာသုံးရသော နံ့သာ အမွေးအကြိုင်တို့ကို အခမဲ့ပေးလိုက်၏။

## ရေလာမြောင်းသွယ်စကားဆွယ်

ဤသည်မှစ၍ သားအမိနှစ်ယောက်တို့သည် အလွန်ချစ်ကြ၏။ ပန်းနံ့သာတို့မှာ အဖိုးလည်းတန်၍ များများလည်း ယူလာသောအခါ ပုဏ္ဏားကြီးက ပန်းများပို၍ပေးသလားဟု မေး၏။ အထိန်းမိန်းမက "ငါ့သားက ပေးလိုက်တာ" ဟု ပြော၏။ ထိုနေ့မှစ၍ ပုဏ္ဏားထံမှ ပန်းဖိုးကိုရ၏။ သားထံမှ ပန်းနံ့သာတို့ အလကားရ၏။ မိန်းကလေးက မေး၏။

"အမေ့သား ဘယ်အရွယ်လောက်ရှိပြီလဲ"

"သမီးနှင့်ရွယ်တူလောက်ပဲ၊ လူချော လူလှကြီးပါ" ဟု ပြော၏။

ရွယ်တူယောကျ်ားကလေးဟူ၍သိရသောအခါ စိတ်ဝင်စားလာ၏။ မိမိလင်ယောကျ်ား ပုဏ္ဏားအဘိုးကြီးမှ အခြား တစ်ပါးယောကျ်ားဟူ၍ မမြင်စဖူး၊ ချောချောလှလှကြီးဆို၍ ပို၍ပြီးစိတ်ဝင်စားပြန်၏။ စိတ်ကူးထဲတွင် ကြည့်မိ၏။သေ သောက်ကြူးကလည်း မိန်းကလေးအကြောင်းကို မိခင်ထံ မေး၏။ ကိန္နရာမလေးလို လှပါပေသည်ဟုပြော၏။ နေ့စဉ် မိန်းကလေးအကြောင်းကို မေး၍မေး၍နေ၏။ သူ့သားစိတ် ဝင်စားမှန်းသိ၍ သာသာထိုးထိုးပင် ပြောသေး၏။ သားက မိန်းကလေးအား မြင်ချင်တွေ့ချင်ကြောင်းပြော၏။ အမေက ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်းပယ်၏။

www.dhammadownload.com



## အနီးကပ်နေသူသာ ဖျက်ဆီးနိုင်၏

သို့နှင့် တစ်နေ့တွင်သား ဆိုင်မထွက်နိုင်၍ မေး၏။ နေမကောင်း၍ အိပ်ရာထဲ လဲနေသည်ဟု ပြော၏။ အမေသည် အိပ်ရာထဲဝင်၍ သား၏ကျောကိုနှိပ်ပေးရင်း-

"ဘယ်လိုဖြစ်တာလဲသားရယ်" ဟုမေး၏။

"အသေခံရင်သာခံရမယ်၊ အမေ့ကိုပြောလို့မဖြစ်ပါဘူး" ဟုပြော၏။

"အမေ့ကိုမပြောရင် ဘယ်သူ့ကိုပြောမှာလဲ ပြောစမ်းပါ" ဟုဆိုလေလျှင် မိန်းကလေး၏ အလှအပကိုကြားရ၍ မမြင်ရလျှင် သေရပါတော့မည်ဟုဆို၏။

ထိုအခါအမေက "ဒီကိစ္စငါ့တာဝန်ထားပေတော့၊ စိတ်ချမ်းသာအောင်သာနေတော့" ဟုပြော၍ ပြန်သွား၏။

အထိန်းမိန်းမသည် မိန်းကလေး၏အခန်းတွင်းမှ အမှိုက်တို့ကို စု၍ အစောင့် မိန်းမပေါ်စွန့်၏။ မကြာခဏ ဖြစ်နေ၍ အစောင့်မိန်းမသည် ထိုနေရာမှာ မနေတော့၊ ထိုအခါမှ စ၍ အထိန်းမိန်းမသည် ကိုယ်တိုင် အမှိုက်လှည်းကိုသွန်၏။ ကိုယ်တိုင်ပင်သွင်း၏။ အထဲမှာ ဘာပါသည်ကို ရှာဖွေ စိစစ်ခြင်း မပြုဝံ့ကြ၊ ထိုနောက် သေသောက်ကြူးကို ပန်းတောင်းထဲ ထည့်၍ ပန်းများဖြင့်ဖုံးပြီး လှည်းဖြင့် တွန်းယူကာ ဘုံခုနစ်ဆင့်ရှိ မိန်းကလေး၏ အခန်းတွင်းသို့ ပို့လိုက်၏။

သက်တူရွယ်တူချင်းမို့ သူတို့နှစ်ယောက်တွေ့လျှင် အလွန်ချစ်ကြ၏။ ပုရောဟိတ်လာသည့်အချိန်မှလွဲ၍ သူတို့နှစ်ယောက်သည် အတူတွဲကြ၏။ မိန်းကလေး၏ အကျင့်သီလကို ဖျက်ဆီး၍ နှစ်ရက်, သုံးရက်ရလျှင် မိန်းကလေးက ...

www.dhammadownload.com






“ပြန်ဖို့သင်ပြီ” ဟုပြော၏။ သေသောက်ကြူးက “ပုဏ္ဏားကို တံတောင်နှင့် ထောင်းပြီးမှ ပြန်မည်”ဟု ကန့်ကလန့် ပြော၏၊ မိန်းကလေးကလည်း သူ့အပေါ်ချစ်လွန်း၍ “ကဲပေးပါမည်” ဟု ကတိပေး၏။ ပုဏ္ဏားကြီး ဝင်လာ၏။ လုလင်သည် ပုန်းနေ၏။ ပုဏ္ဏားကြီးနှင့် မိန်းကလေးတို့ ချစ်ကြည်ကြ၏။

မိန်းကလေးက “စောင်းတီးပေးပါ၊ ၊ က,လိုသည်” ဟု ပြော၏။ ပုဏ္ဏားကြီးက “ကောင်းပြီ” ဟုဆိုကာ စောင်းကို

www.dhammadownload.com



တီး၏။ မိန်းကလေးက "ရှက်သည်၊ မျက်နှာကို အဝတ်စည်း က,မည်" ဟု ပြော၏။

ပုဏ္ဏားကြီးက တဟဲဟဲရယ်၍ "စည်းပါဗျာ၊စည်းပါဗျာ" ဟုပြော၏။ မိန်းကလေးက အဝတ်ထူထူဖြင့် မျက်စိကိုပိတ် စည်း၏။

"ကဲ...စောင်းတီးတော့" ဟုဆို၏။ ပုဏ္ဏားကြီးကစောင်းကို တီး၏။ မိန်းကလေးက ပုဏ္ဏားကြီး၏အနီး မထိတထိ က,၏၊ ပုဏ္ဏားကြီးပျော်နေ၏။

မိန်းကလေးက "အံမယ်လေး... ဟောဒီခေါင်းတုံးပြောင် ပြောင်ကြီးကို တံတောင်နှင့်ထောင်းချင်လိုက်တာ၊ အရူယားနေ တာပဲ" ဟု ပြောလေလျှင် ပုဏ္ဏားကြီးက ...

"ထောင်းစေဗျား ... ထောင်းစေဗျား"ဟု ခွင့်ပေး၏။

"ဒါဖြင့်ထောင်းတော့မယ်" ဟုပြောကာ လင်ငယ်ကို မျက် ရိပ်ပြလိုက်၏။ လင်ငယ်သည်ပုဏ္ဏား၏ကျောမှရပ်၍ ဦးခေါင်းကို တံတောင်နှင့် တစ်အားထောင်း၏။ ပုဏ္ဏားသည် နာလွန်း၍ "အားခနဲ အော်မိသွား၏။ "ဒါ ...သင့် လက်မဟုတ်" ဟု ပြောလျှင် "ဟုတ်ပါတယ်၊ ဒီမှာကြည့်ပါ"ဟု လက်ကို ထိုး ပေး၏။ ပုဏ္ဏားက "ဟုတ်ပါရဲ့၊ လက်ကလေးက နူးညံ့လိုက် တာ၊ ထောင်းတော့လဲ နာလိုက်တာ" ဟု မိန်းကလေးကို ပွေ့ ဖက် ကျီစယ်ရင်း ပြော၏။

သေသောက်ကြူးသည် ပြန်၍ပုန်းနေပြီး ပုဏ္ဏားကြီးပြန် ပြီးမှ အမှိုက်တောင်းမှာ အိပ်စေ၍ အပြင်သို့ထုတ်၏။ သေ သောက်ကြူးသည် အကြောင်းစုံကို မင်းကြီးအား လျှောက် ထား၏။

www.dhammadownload.com



## ရှုံးပြီပေါ့

ထိုနေ့တွင် ပုရောဟိတ်ကို ကြွေအန် ကစားရန် ချိန်းပြီး ကစားကြ၏။ မင်းကြီးက သီချင်းဂါထာကို ဆို၍ ပစ်၏။ ပုရောဟိတ်ပုဏ္ဏားက "ဒီအထဲမှာ ငါ့မိန်းကလေးမပါ" ဟု ဆိုပြီးပစ်၏။ ပစ်တိုင်းရှုံး၏။ မင်းကြီးက ...

"သင့်မိန်းကလေး သီလပျက်ပြီ၊ မိန်းမကို အမိ ဝမ်းတွင်းမှစ၍ စောင့်ရှောက်ပြီး တံခါးခုနစ်ထပ် အစောင့်ချထားလျှင် လုံခြုံပြီဟု အောက်မေ့၏။ မိန်းမ ဆိုသည်မှာ ဝမ်းခေါင်းထဲ မျို၍ ထည့်ထားသူပင် မလုံခြုံနိုင်၊ သင့်မိန်းကလေးက က,လိုသည် ဆိုပြီး စောင်းတီးနေသည်။ သင့်ကို မျက်နှာအဝတ်စည်း၍ လင်ငယ်အား သင့်ဦးခေါင်းကို တံတောင်နှင့်ထောင်းခိုင်းသည် ကို သင့်ခံလိုက်ရပြီ မဟုတ်လော"ဟု မေး၏။

ဤသို့ ဘုရားလောင်းသည် ပုဏ္ဏားအား တရားဟော၏။

## မိန်းမသစ္စာ မှသားသာတည်း

ပုဏ္ဏားသည် အိမ်သို့သွားပြီး မိန်းကလေးကို အဖြစ်အပျက်ပြော၏။ "သင်သည်ဖောက်ပြန်သည်မဟုတ်လော" ဟုမေး၏။ မိန်းကလေးက ငြင်းဆိုရုံမက "သစ္စာဆိုပြီး မီးပုံတွင်းသို့ ဆင်းပြမည်"ဟုပင် ပြောသေး၏။ ပုဏ္ဏားက မီးဖိုစေပြီး မီးပုံဆင်းပွဲ ပြုလုပ်၏။ မိန်းကလေးသည် သူ့လင်ငယ် သေသောက်ကြူးအား မီးပုံဆင်းပွဲနေ့တွင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို မှာကြားထား၏။

မီးပုံဆင်းပွဲနေ့တွင် မိန်းကလေးသည် လူများ အလယ်၌ ရပ်ပြီး ...

www.dhammadownload.com



"ငါ၏ယောကျ်ား ပုရောဟိတ် ပုဏ္ဏားမှတစ်ပါး အခြားယောကျ်ား၏လက်ဖြင့်ပင်မထိစဖူးပါ၊ ဤသစ္စာစကားကြောင့် ဤမီးသည် ငါ့ကို မလောင်စေသတည်း" ဟု သစ္စာဆို၍ မီးပုံတွင်းသို့ဝင်ရန် သွား၏။ ထိုအခါ ပရိသတ်ထဲမှ သေသောက်ကြူးသည် ထွက်လာပြီး ပရိသတ်အားတိုင်တည်၍ ........

"ကြည့်ကြစမ်းပါ၊ ဒီလောက်ငယ်ရွယ်နုနယ်တဲ့မိန်းကလေးကို မီးပုံထဲ ဝင်ခိုင်းတာတရားသလား" ဟုဆိုကာမိန်းကလေး၏လက်ကိုကိုင်၍ ပရိသတ်ကို မြှောက်ပြ၏။

မိန်းကလေးကလည်း လက်ကိုရုန်းကန်၍...

မီးပုံထဲသို့ ဝင်ဖို့မသင့်ပြီ၊ ဤသူ ငါ၏လက်ကိုကိုင်၍သစ္စာပျက်ပြီ" ဟုပြောလျှင် ဤမိန်းမသည် ငါ့ကိုလှည့်စားခြင်းသာဖြစ်သည်ဟု သိ၍ ထိုမိန်းမကို နှင်ထုတ်လိုက်သည်။

## ဇာတ်ပေါင်းသော်

ဗာရာဏသီမင်းသည်-ငါဘုရား
ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

## ၄။ ဘဝကိုမေ့သူဝတ္ထု

(စတုက္ကနိပါတ်၃၀၆။သုဇာတာဇာတ်)



### ပစ္စုပ္ပန် ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ်- မလ္လိကာ မိဖုရားအပေါ် ကောသလမင်းကြီးငြိုငြင်ခြင်းကို အကြောင်းပြု၍ သင့်တင့် ညီညွတ်အောင်ပြုခဲ့သည်နှင့် ပတ်သက်၍ ဟောကြားတော်မူသည်။)

www.dhammadownload.com



ကောသလမင်းကြီးသည် တူတော်မောင်အဇာတသတ်နှင့် စစ်ရှုံး၍ တစ်ပါးတည်း မြင်းစီး၍ ပြန်လာခိုက် တောတွင်းမှ မလ္လိကာ၏သီချင်းသံကြားမှ နှစ်ပါးကြည်ကြပြီး မိဖုရားကြီး အဖြစ်တင်မြှောက်ခဲ့ကာ အလွန်အရေးပေးထား၏။ တစ်နေ့တွင် မင်းကြီးနှင့်မိဖုရားကြီးတို့ စကားနိုင်လုရာမှ စိတ်ဆိုးပြီး စကား မပြောဘဲ နေကြရာ မြတ်စွာဘုရား နန်းတော်သို့ ဆွမ်းစား ကြွစဉ် မိဖုရားကြီးကို မမြင်၍ မေးရာမှ မင်းကြီးက မိဖုရား အပေါ် စိတ်ဆိုးနေကြောင်းသိရ၏။ ထိုအခါ မြတ်စွာဘုရား က"မင်းကြီး...မိဖုရားကို သင်ကိုယ်တိုင် စည်းစိမ်ပေး၍ ချီး မြှောက်ခဲ့ပါလျက် သူပြုအပ်သော အမှုကို အဘယ်ကြောင့် သည်းမခံနိုင်သနည်း"ဟု မေးမြန်းတော်မူ၍ မင်းနှင့်မိဖုရားတို့ ပြန်လည် ညီညွတ်သွားသည်ကို အကြောင်းပြု၍ ဟောကြား တော်မူလေသည်။

## အတိတ်ဇာတ်

ဗာရာဏသီ၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်......

ဘုရားအလောင်းသည် ပညာရှိအမတ်ဖြစ်လေ၏။

တစ်နေ့တွင် မင်းကြီးသည် လေသာပြတင်းပေါက်မှ ကြည့်စဉ် အဝတ်အထည်နွမ်းပါးသော်လည်း အလှပန်းပွင့်နေသော ဆီး သီးသည်မလေးကို မြင်လိုက်သည်နှင့် တပ်မက်သဖြင့် ခေါ်ယူ သိမ်းပိုက်ပြီး သုဇာတာ မိဖုရားအဖြစ် ချီးမြှင့်မြှောက်စား၍ အမြတ်တနိုး ထားခဲ့လေသည်။

နှစ်ပေါင်းအတော်ကြာခဲ့လေသော် မင်းကြီးသည် နေ့လယ် နေ့ခင်း ပွဲတော်အုပ်အတွင်း၌ ဆီးသီးကိုထည့်၍ စားနေစဉ် သုဇာတာမိဖုရားကြီး ရောက်လာပြီး"အရှင်မင်းမြတ်စားသုံး

www.dhammadownload.com



နေသည့် နီနီလုံးလုံးကလေးတွေဟာ ဘာသီးလဲ ဘုရား" ဟု ကျီစယ်လိုသည့်သဘောဖြင့် မေးမြန်းရာ မင်းကြီး၏ စိတ်အခန့်မသင့်ခိုက် ကြုံကြိုက်သဖြင့် ဆီးသီးရောင်းပြီး စားနေရသော ဆီးသီးသည်မက ဆီးသီးကို မမှတ်မိလေရော့သလားဟု ရုတ်ခနဲဒေါသထွက်ကာ "ဆီးသီးသည်မကို ဆီးသီးသည် အိမ်ပြန်ပို့လိုက်ပေတော့" ဟုအမိန့်ချမှတ်လိုက်၏။

ထိုအခါ အနီးတွင်ရှိသော ပညာရှိအမတ်က "မင်းကြီး ........ မိန်းမတို့သည် အခြံအရံ ကျော်စောခြင်းတို့နှင့် ပြည့်စုံလာလေလျှင် ဘဝကိုမေ့တတ်မြဲ ဓမ္မတာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သုဇာတာမိဖုရားအား ခွင့်လွှတ်တော်မူပါ" ဟု ကြားဝင်လျှောက်ထားသည့်အခါ မင်းကြီးသည် သတိတရားရ၍ မိဖုရားအား အပြစ်မှ ခွင့်လွှတ်လိုက်ပြီး မင်းနှင့် မိဖုရားနှစ်ပါးတို့ သင့်မြတ်၍ သွားကြလေသည်။

## ဇာတ်ပေါင်းသော်

ရှေးဗာရာဏသီ မင်းသည် – ယခု ကောသလမင်း၊
သုဇာတာသည် – ယခုမလ္လိကာမိဖုရားကြီး၊
ပညာရှိသည် – ငါဘုရား၊
ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com



## ၅။ ဒေါ်သြဇာဝတ္ထု
(ကေနိပါတ်၁၁၅-အနုသာသိက ဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သူတစ်ပါးကို အမြဲတမ်းဆုံးမလေ့ရှိပြီး မိမိမကျင့်သော ရဟန်းမိန်းမကို အကြောင်းပြု၍ ဟောတော်မူသည်။)

သာဝတ္ထိပြည်သူတစ်ဦးသည် ရဟန်းပြုသော ကာလမှစ၍ သူတစ်ပါးကို အလွန်သြဇာပေးတတ်၏။ ရဟန်းတရားကို အားမထုတ်၊ လာဘ်လာဘ ရရာရကြောင်းကိုသာ အားထုတ်၏။

အစားအသောက်ကောင်းများလှူဒါန်းသည့် ရပ်ကွက်များသို့ အခြားရဟန်းများကို မသွားရန် ဆုံးမ တားမြစ်ပြီး သူတစ်ယောက်တည်းသာ တိတ်တဆိတ်သွားရောက် အလှူခံတတ်၏။

တစ်နေ့တွင် သူကမသွားနှင့်ဟုတားမြစ်ထားသည့်အရပ်သို့ သူပင် ပျာယီးပျာယာသွားပြီးအလှူခံစဉ် မျက်စိနှောက်သော ဆိတ်ကဝှေ့ခတ်၍ ပေါင်ရိုးကျိုးလေတော့၏။

ကျပ်စည်း၍ ကပ်ဖြင့် ယူလာပေးပို့ကြသောအခါ အခြားရဟန်းမိန်းမတို့က ပြက်ရယ်ပြုကြ၏။ ကဲ့ရဲ့ကြ၏။

ဤသည်ကို အကြောင်း၍ မြတ်စွာဘုရားသည် တရားသဘင်၌ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ... ဘုရားလောင်းသည် ငှက်မင်းဖြစ်၍ ဟိမဝန္တာ၌နေ၏။ စရိုက်ကြမ်းသောငှက်မ

www.dhammadownload.com



တစ်ကောင်သည် လှည်းလမ်းခရီးသို့သွား၍ လှည်းတို့မှကျသော စပါးစေ့၊ ပဲစေ့တို့ကိုရ၏။ ဤနေရာသို့ အခြားငှက်များ မသွားစေလို၍ ဘေးအန္တရာယ်ရှိကြောင်းပြောကြား တားမြစ်လေ့ရှိ၏။ သို့သော် သူသည် တစ်ဦးတည်းပင် ငှက်အုပ်မှခွဲထွက်၍ လမ်းမပေါ်မှာ ကျနေသော ပဲနှင့်စပါးများကို ကောက်ယူစားသောက်နေစဉ်ပင် အရှိန်ပြင်းစွာ မောင်းနှင်လာသော မြင်းရထားတစ်စီးက ဝင်ရောက်ကြိတ်လိုက်ရာ ငှက်မ၏ကိုယ်သည် နှစ်ပိုင်းပြတ်၍ကျန်ခဲ့တော့သည်။ ဘုရားလောင်းသည် အနုသာသိက ငှက်မကို ငှက်အုပ်တွင်မမြင်ရ၍ ငှက်များကိုလိုက်လံရှာဖွေစေရာ လမ်းပေါ်တွင် ကိုယ်နှစ်ပိုင်းပြတ်လျက် သေဆုံးနေသော အနုသာသိကငှက်မကို တွေ့ကြတော့သတည်း၊

## ဇာတ်ပေါင်းသော်

ငှက်မသည် ...ပေါင်ကျိုးသော ရဟန်းမ၊
ငှက်မင်းသည် ....ငါဘုရား
ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com



# ၆။ မီးနှင့် မိန်းမ အတူတည်း
(ဧကနိပါတ် ၆၁၊ အသာတမန္တဇာတ်)




## ရာဂဆို–အိုသည်မရှိ

### ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ စိတ်ချ၍မရသော မိန်းမများအကြောင်းကို ဟောကြားတော်မူသည်။)

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာကြီးဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်မှ ပုဏ္ဏားသူဌေးမကြီးသည် သားကိုမွေးသည့်နေ့မှစ၍ မီးမငြိမ်းဘဲထားပြီး သားအား မိန်းမတို့၏အပြစ်များကို သိစေပြီး တောတွင်း၌ မီးကို လုပ်ကျွေးစေလိုသဖြင့် တက္ကသိုလ်သို့ စေလွှတ်၍ ပညာသင်စေ၏။

ပညာသင်ကြားပြီး ပြန်လာသောသားကို ပညာစုံပြီဆိုလျှင် "အသာတမန္တန်ကို သင်ခဲ့သလော"ဟု မေး၏။ "မသင်ခဲ့ရပါ" ဟုဆိုလျှင် မိခင်က "အသာတမန္တန် မသင်ရလျှင် ပညာမစုံသေး၊ သွား၍သင်ချေ" ဟု တက္ကသိုလ်ပြည်သို့ ပြန်၍ လွှတ်၏။

တက္ကသိုလ်ဆရာကြီးသည် အသက် တစ်ရာနှစ်ဆယ်ရှိပြီး မျက်စိမမြင်သော မိခင်အိုကြီးကို မိမိလက်ဖြင့်ရေချိုးပေး၏။ ထမင်းခွံပေး၏။ လူတို့က ရွံရှာ၍ ကဲ့ရဲ့သဖြင့် လူနှင့်ဝေးရာ အရပ်ဝယ် သစ်ရွက်မိုး တဲဆောက်၍ မိခင်ကိုလုပ်ကျွေးနေ၏။ ရာဇဂြိုလ်မှ ပုဏ္ဏားငယ်လည်း ဆရာကြီးရှိရာအရပ်သို့ လိုက်သွားပြီး "မိမိ၏မိခင်က အသာတမန္တန်မသင်ရသေး၍ ပြန်လည်စေလွှတ်ကြောင်း" ပြောပြ၍ အသာတမန္တန် သင်ပေးပါရန် တောင်းပန်၏။

တက္ကသိုလ်ဆရာကြီးက အသာတမန္တန်ဟူ၍ မရှိ၊ သူ၏မိခင်သည် မိန်းမတို့အကြောင်းကို သိစေလို၍ဖြစ်မည်ဟု စဉ်းစားမိပြီး"သင်သည် အသာတမန္တန်ကို လိုချင်လျှင် ငါ့မိခင်အား ငါကဲ့သို့ပင် ရေချိုးပေး၊ အမွေးနံ့သာ၊ သနပ်ခါးသွေး၍ တကိုယ်လုံးကို လိမ်း၍ ထမင်းခွံ၊ ရေတိုက်၊ အခင်းကြီး၊ အခင်းငယ်ပါတည်ပေးရမည်၊ တတ်နိုင်ပါ၏လော" ဟုမေး၏။

www.dhammadownload.com



တတ်နိုင်ပါသည်ဟု ဝန်ခံလျှင် "သင်လုပ်ကျွေးလော့၊ ငါ၏ အမိကို ခြေသလုံး၊ ပေါင်၊ ဦးခေါင်းစသည်တို့ကို နှိပ်နယ်ပေးခြင်းစသည့် ပြုလျက်ရှိသည့်အခါတိုင်း မိခင် အသားအရေတို့ မှာ နူးညံ့လှပါသည်။ ပျိုရွယ်စဉ်ကာလမှာပင် အတော်လှပမည် စသည်ဖြင့် ချီးမွမ်းပြောဆိုပါ၊ ငါ့အမိ ပြောဆိုသည့် စကားကို သင်သည် မကွယ်မဝှက် ငါ့ကို ပြောကြားပါ" ဟုမှာကြား၍ တာဝန်ကို လွှဲပေး၏။

တပည့်သည် အမေအိုကြီးအား ပြုစုပေးရင်း အသားချင်း ထိတိုင်း ချီးမွမ်းပြောဆို၏။ ဤသို့ချီးမွမ်းပါများသော်၊ အမေအိုက "သင် ငါနှင့်ပျော်ပါးလိုသလား" ဟုမေး၏။ တပည့်က "ပျော်ပါးလိုသည်၊ ဆရာကို ကြောက်ပါသည်" ဟုဆို၏။ ထိုအခါ အမေအိုက "ငါကို သင်ပစ်မသွားဘူးဆိုလျှင် ငါ့သားကို သတ်မည်" ဟုပြော၏။ တပည့်သည် အကြောင်းစုံကို ဆရာအား ပြောကြား၏။

ဆရာသည် မိခင်၏ အသက်အပိုင်းအခြားကို ကြည့်သော် ယနေ့ပင် အာယုသက်တမ်း ကုန်ဆုံးမည်ကိုတွေ့ရ၏။ တပည့်အား အမေအိုကို စုံးစမ်းမည်ဟု ရေသဖန်းပင်ကိုဖြတ်၍ မိမိ ကိုယ်တိုင်းနှင့် အိပ်ရာပေါ်တွင်ထားပြီး စောင်နှင့် ဦးခေါင်းမှ ခြေဖျားအထိ လွှမ်းအိပ်နေပုံ ခြုံထား၏။

ထိုနောက်တပည့်အား "ပုဆိန်ယူပြီးအမိအိုလက်သို့ပေးကာ မိမိအိပ်သည့်နေရာကို တွဲပို့ပေးပြီး အမှတ်အသား ပြုပါ" ဟု မှာကြား၏။

အသက်တစ်ရာ့နှစ်ဆယ်ရှိသော မျက်မမြင်အမေအိုသည် ကာမတဏှာဇောဖြင့်လုလင်ပြောသည့်အတိုင်းလုပ်ရန်ပုဆိန်ကို

www.dhammadownload.com



ကိုင်မြှောက်ပြီး သား၏ဦးခေါင်းနေရာကိုမှန်းဆကာ ပေါက်ခွဲလိုက်လေ၏။ အသံမှာ သစ်သားကိုခုတ်သည့် အသံဖြစ်၍ အမေအိုလန့်သွားချိန်တွင် ဘုရားလောင်းဆရာကြီးက "အမေဘာလုပ်တာလဲ"ဟု မေးလိုက်ရာ သား၏ အသံကို ကြား၍ ရှက်ခြင်း၊ ကြောက်ခြင်း နှစ်ပါးတို့ဖြင့် စိတ်ထိခိုက်ပြီး ဤနေရာ၌ပင် လဲကျသေဆုံးလေသည်။

ဘုရားလောင်းသည် အမေအိုကိုသင်္ဂြိုဟ်ပြီးလျှင် တပည့်ကိုခေါ်၍ ...

"သင့်မိခင်သည် မိန်းမတို့၏အပြစ်ကို သိစေလို၍ သင့်ကို အသာတမန္တန်သင်စေသည်၊ အသာတမန္တန်ဆိုသည်မှာ အခြားမရှိ၊ သင်မျက်မြင် ကိုယ်တွေ့သည်ပင် အသာတမန္တန်ဖြစ်သည်ဟုပြောကြား၏။

တပည့်သည် ဆရာကိုရှိခိုး၍ မိဘများထံပြန်ပြီး မိခင်အား ရဟန်းပြုပါတော့မည်ဟု ဝန်ခံပြီး...


မီးနှင့်တူစွ ထိုမိန်းမတို့ သက်ရှယ်ပိုင်းခြား မရှိ
ပြားဘဲ တွေ့တွေ့သမျှ ပုရိသကို ရရသမျှ မှီဝဲကြသည်
မီးနှင့်မိန်းမ အတူတည်း" ဟုဟောပြော၍ မိဘတို့ကို
ရှိခိုးပြီး ရဟန်းပြုကာ တောသို့ဝင်လေ၏။

## ဇာတ်ပေါင်းသော်

လုလင်၏မိခင်သည် ...ယခုဘဒ္ဒကာပိလာနီ၊
လုလင်၏ဖခင်သည် ... မဟာကဿပ။
တပည့်သည် ... အာနန္ဒာ၊
ဒိသာပါမောက္ခဆရာသည် ... ငါဘုရား
ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# ၇။ ထိန်းသိမ်းမရ ထိုမိန်းမ
(ပဥ္စကနိပါတ် ၆၀၃။ သုဿောန္ဒီဇာတ်)




## ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်၊ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။)

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ တမ္ဗမင်းစိုးစံစဉ်...

ထိုမင်းတွင် အလွန်အဆင်းလှသော သုဿောန္ဒီ အမည်ရှိ မိဖုရားကြီးရှိ၏။

နာဂဒီပကျွန်းမှ ဂုရုဠာ (ဂဠုန်)မင်းသည် ဗာရာဏသီသို့လာ၍ လုလင်ယောင်ဆောင်ပြီး မင်းနှင့်ကြွေအန်ကစား၏။

www.dhammadownload.com



အလွန်ခန်းညားလှသော ဘုရားလောင်း၏ ရုပ်သွင်တို့ အလုပ်အကျွေးတို့ပြောစကားကြောင့် သုယောနန္ဒီမိဖုရားသည် မြင်ချင်တွေ့ချင်လှသဖြင့် အလုပ်အကျွေးတို့နှင့် အတူရုပ်လျက် ဘုရားလောင်းကိုကြည့်၏။ ဘုရားလောင်းသည်လည်း မိဖုရားကိုကြည့်၏။

မျက်စိချင်းကြိုက်ရာမှ ဂဠုန်မင်းသည် မိဖုရားကို တပ်မက်လှသဖြင့် မိမိတန်ခိုးဖြင့် လေပြင်းတိုက်ခိုက်စေပြီး အမှောင်ကြီးချ၏။ လူတို့ကြောက်လန့်ပြေးလွှားကြစဉ် မိဖုရားကို ကောင်းကင်ခရီးဖြင့် နာဂဒီပကျွန်း မိမိဗိမာန်သို့ ယူသွားကာ ပေါင်းသင်းနေထိုင်ကြ၏။

သို့သော် ဂဠုန်မင်းသည် ဟန်မပျက်ပင် ဗာရာဏသီသို့ သွား၍ မင်းနှင့်အတူ ကြွေအန်ကစားမြဲကစား၏။

## စောင်းသမားကိုယ်တွေ့

သုယောနန္ဒီမိဖုရားကြီးရောက်ရာအရပ်ကို မည်သူမျှမသိနိုင်။ တမ္ဗမင်းသည် သဂ္ဂအမည်ရှိ စောင်းသမားအား ကုန်းလမ်း ရေလမ်းတို့မှ မိဖုရားကိုရှာရန်စေလွှတ်၏။ စောင်းသမားသည် ကုန်သည်လှေဖြင့် သုဝဏ္ဏဘူမိသို့လိုက်သွား၏။ သမုဒ္ဒရာ၌ လှေပျက်သဖြင့် စောင်းသမားသည် ပျဉ်တစ်ချပ်ပေါ်တွင် အိပ်လျက် လေသင့်ရာ မျောပါသွားရာ၊ နာဂဒီပကျွန်း ဂဠုန်မင်း၏ ဗိမာန်သောင်စောင်းအနီးသို့ရောက်၏။

သုယောနန္ဒီမိဖုရားသည် ဂဠုန်မင်း ကြွေအန်ကစားသွားသောအခါ၌ ဗိမာန်မှဆင်း၍ လမ်းလျှောက်အပန်းဖြေ၏။

သဂ္ဂစောင်းသမားကိုတွေ့လေလျှင် နဂိုသိပြီးဖြစ်၍ မည်သို့ မည်ပုံရောက်လာကြောင်းမေးပြီးစောင်းသမားကို "မကြောက်လင့်"ဟု နှစ်သိမ့်စေ၍ လက်နှစ်ဖက်နှင့် ပိုက်ချီပြီး ဗိမာန်

www.dhammadownload.com



ပေါ်သို့ ခေါ်ဆောင်သွား၏။ စောင်းသမားကို အိပ်ရာပေါ်၌ အိပ်စေပြီး အပန်းပြေသောအခါ နတ်ဘောဇဉ်ကို ကျွေး၍ နံ့သာရည်ဖြင့် ရေချိုးစေပြီး အိပ်ရာပေါ်၌ အတူအိပ်ကာ ပျော်ပါးကြလေ၏။

ညနေ ဂဠုန်မင်း ပြန်လာသောအခါ ဘေးကင်းရာ၌ ဝှက်ထား၏။ နောက်တစ်နေ့မိုးသောက် ဂဠုန်မင်း ထွက်သွားလျှင် တစ်နေကုန် ပျော်ပါးကြပြန်၏။

တစ်လခန့်ကြာသော် ဗာရာဏသီမှ လှေသင်္ဘောဖြင့်လာကြသော ကုန်သည်တို့သည် ထင်း၊ ရေယူရန် ထိုကျွန်းသို့ ဆိုက်ရောက်ကြ၏။

စောင်းသမားသည် ထိုသူတို့လှေနှင့်လိုက်သွား၍ ဗာရာဏသီသို့ ရောက်သွား၏။ မင်းရင်ပြင်တွင် ဗာရာဏသီမင်းနှင့် ဂဠုန်မင်းတို့ ကြွေအန်ကစားနေသည်ကို မြင်လျှင် စောင်းကို တီး၍ သီချင်းဆို၏။

"သုယောနန္ဒီ မိဖုရားကို ဂဠုန်ပြည်၌ တွေ့ခဲ့ကြောင်း၊ ဂဠုန်ပြည်၌ မိဖုရားနှင့် ပေါင်းဖော်ခဲ့ရသည့် အကြောင်း သီချင်းဖွဲ့ဆို၏။ ထိုသီချင်းတွင် နာဂဒီပကျွန်းနှင့် သောင်ပင်အကြောင်းနှင့် ရောက်ရှိသည့် ခရီးလမ်းကို ဖော်ပြပါရှိသဖြင့် ဂဠုန်မင်းသည် ဖြစ်ရပ်အမှန် သိရှိပြီး ဂဠုန်ပြည်၌ နေလျက်ပင် ထိုမိန်းမကို မစောင့်ရှောက်နိုင်" ဟု မိဖုရားကို ပြန်လည်ဆောင်ကြဉ်း၍ မင်းထံ ပြန်ပေးပြီး ဗာရာဏသီသို့ မလာတော့ပေ။

## ဇာတ်ပေါင်းသော်

တမ္ဗမင်းသည် - အာနန္ဒာ၊

ဂဠုန်မင်းသည် - ငါဘုရားဟု ဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

## ၈။ လင်ငယ်ကို အတောင်ကြားမှ ခေါ်ဆောင်သွားရသော ဂဠုန်မင်း ဝတ္ထု

(စတုက္ကနိပါတ် ၃၂၇၊ ကာကဝတီဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး တော်မူနေစဉ်၊ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူသည်။)

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ..... ဘုရားလောင်းသည် ဗြဟ္မဒတ်မင်းဖြစ်၏။ အဂ္ဂဒေဝီမဟေသီ မိဖုရားကြီးသည် ကာကဝတီ အမည်ရှိ၏။ နတ်မိမယ်တမျှ လှပ၏။

တစ်နေ့သောအခါ ဂဠုန်မင်းသည် လူ့အသွင် ဖန်ဆင်း၍ မင်းကြီးထံ နေ့စဉ်လာ၍ ကြွေအန်ကစားရာမှ ကာကဝတီနှင့် ချစ်ကြိုက်ကြပြီး ကာကဝတီမိဖုရားကို ဂဠုန်ပြည်သို့ ခိုးယူသွားသည်။ မင်းကြီးသည် စောင်းသမား "ကုဝေရ" ကို ရှာဖွေရန် တာဝန်ပေးလိုက်သည်။

စောင်းသမားသည် ကြွေအန်ကစားသူကို မသင်္ကာ၍စုံစမ်း၏။ မြို့ပြင်ရောက်မှ ဂဠုန်အသွင်ပြန်လည်ဖန်ဆင်း၍ သွားလေ့ရှိကြောင်း သိရသောအခါ သမန်းမြက်ချုံအတွင်း၌ ပုန်းအောင်းစောင့်နေပြီး ဂဠုန်၏ တောင်ပံကြားမှ ခို၍ ဂဠုန်ပြည်သို့ လိုက်ပါသွားလေသည်။

ဂဠုန်ပြည်အရောက်တွင် ကာကဝတီမိဖုရား၏ ဆွဲဆောင်မှုဖြင့် စောင်းသမားသည် ကာကဝတီနှင့် အတူပင် ပျော်ပါး၍ နေ၏။

မကြာမီ တာဝန်အရ ဗာရာဏသီသို့ ပြန်ရမည် ရှိသေးသဖြင့် ဂဠုန်မင်း၏ အတောင်ကြားတွင် တစ်ဖန် ခို၍သာလျှင် ဗာရာဏသီပြည်သို့ ရောက်လေ၏။

ဗာရာဏသီမင်းသည် ဂဠုန်မင်းနှင့် ကြွေအန်ကစားနေစဉ် စောင်းသမားက စောင်းကိုတီးကာ သီချင်းစပ်ဆိုသည်ကား-

"ငါ၏မယားမှာ ဂဠုန်ပြည်၌ နေပါသည်။ နတ်နံ့သာတို့ဖြင့် လိမ်းခြယ်ထားကာ ကာကဝတီမဟေသီမိဖုရား၏ ကိုယ်နံ့

www.dhammadownload.com



သည် ယခုတိုင် မပြယ်သေးပါ၊ ငါသည် ကာကဝတီမဟေသီနှင့် တူညီပျော်ပါးခဲ့ပါသည်။ ထိုမိဖုရားသည် ရေခြား မြေခြား ဂဠုန်ပြည်၌ ရောက်နေခဲ့ပါသည်"

ဤဂါထာသီချင်းကို စောင်းသမား သီဆိုတီးမှုတ်လေလျှင် ဂဠုန်မင်းနားဝ၌ မိုးကြိုးသွား ပစ်ချသကဲ့သို့ မခံမရပ်နိုင် ဖြစ်ပြီး....

"အို .... ကုဝေရ စောင်းသမား၊ သင်သည် ဤဇမ္ဗူဒိပ်ကျွန်း မြောက်အစွန်းတွင် အဂုန်းကျယ်စွာ ဇမ္ဗူဒိပ်သမုဒ္ဒရာကို ဘယ်နည်း ဘယ်ပုံဖြင့် ရောက်ခဲ့သနည်း။

ဇမ္ဗူဒိပ်သမုဒ္ဒရာ တစ်ဖက် မြင်းပိုရ်တောင်ခြေ၌ ရှိသော ကေပုကမြစ်နဒီကို ဘယ်လိုအစွမ်းဖြင့်ကူးမြောက်နိုင်ခဲ့သနည်း။

တောင်စဉ် ခုနစ်ထပ်အကြား သီတာမြစ် ခုနစ်တန်ကို အဘယ်ပုံ ကူးမြောက်၍ ရောက်ခဲ့သနည်း။

ဤမှတစ်ဆင့် ကြီးမားမြင့်ခေါင် တောင်တန်းကြီးတမျှ လူသားတို့ တက်ရောက်ရန် ခက်ခဲလှသော လက်ပံပင်နန်းသို့ အဘယ်ပုံ တက်လှမ်းနိုင်ခဲ့သနည်း"ဟု လူသားတို့ ရောက်ရန် ခက်ခဲသော ဂဠုန်ပြည်ကို ရောက်ခဲ့ပါသည် ဆိုသည့်စကားကို မယုံနိုင်၍ ဂဠုန်မင်း မေးမြန်းစိစစ်လေသော်–

"တောင်ပံဟုန်ပြင်း ဂဠုန်မင်း၊ ငါသည် သင်နှင့်အတူပင် ဇမ္ဗူဒိပ် သမုဒ္ဒရာကို သင့် အတောင်ကြားမှ ထိုင်နေရင်းက ကျော်လွန်နိုင်ခဲ့ပါသည်။

"ကေပုကမြစ်ကြီးကိုလည်း သင်နှင့်အတူပင် ကူးမြောက်ခဲ့ပါပြီ၊ သီတာခုနစ်တန်ကိုလည်း သင်၏ အတောင်ကြားတွင် ခိုနားဝင်ရောက် ကူးမြောက်ခဲ့ပါပြီ။

www.dhammadownload.com



လက်ပံတော်ဖွေ သင်၏မြေသို့ သင်ပင်လျှင် ခေါ်ဆောင်၍ ငါရောက်ခဲ့ပါပြီ” ဟု ပြောလေသောအခါ ဂဠုန်မင်းသည် အံ့သြဒေါသ ကိုယ့်ကိုယ်ကို အပြစ်တင်လိုလှသဖြင့်...

“ငါသည် ငါ့မယား၏ လင်ငယ်ဖြစ်သူ စောင်းသမားအား ဂဠုန်ပြည်သို့ အသွားအပြန်ပင် ပို့ဆောင်ပေးခဲ့သည်။ လေးသည်၊ ပေါ့သည်ကိုပင် မသိနိုင်သော ကြီးမားသော ငါ့ခန္ဓာကိုယ်သည် စက်ဆုပ်ရွံမုန်းဖွယ်ရာကောင်းလှပါပေသည်တကား”

ဟု မိမိကိုယ်ကိုပင် အပြစ်တင်ပြီးလျှင် ကာကဝတီမဟေသီ မိဖုရားကို သွားရောက် ခေါ်ငင်ကာ လူ့ပြည်သို့ ဆောင်လာလျက် ဗာရာဏသီမင်းထံ ပြန်လည်အပ်နှံပေးလေသည်။

## ဇာတ်ပေါင်းသော်

စောင်းသမားသည် ဣဠိုးငွေ့သော ရဟန်း၊
ဗာရာဏသီမင်းသည် ငါဘုရား၊
ဟု ဇာတ်တော်ကို ပေါင်းလေ၏။

(ဤဇာတ်တော်ကိုပင် အသီတိနိပါတ် ကုဏာလ ငှက်မင်းဇာတ်၌ ကုဏ္ဍာလငှက်မင်းသည် ဂဠုန်မင်း ဖြစ်ခဲ့ဖူးလေသည် ဟု ထပ်မံဟောကြားတော်မူလေသည်။

ဤကို ရည်၍ မဃဒေဝလင်္ကာသစ်၌...

ပင်လယ်ကြားတွင်၊ ယောကျ်ားမထင်၊ လက်ပံပင်ထက်၊ တင်၍ အသီး၊ စောင့်ထပြီးလျှင်၊ စောင်းတီးသမား၊ ကျွန်ယောကျ်ားနှင့်၊ အမှားမကင်း တရားယွင်း၏ဟု စပ်ဆို၏။

***

www.dhammadownload.com

# ၉။ ချစ်လင်ကို အနှောင်အဖွဲ့မှ လွတ်စေသော မိန်းမ ပုံဝတ္ထု

(ပဥ္စကနိပါတ် ၃၅၉။ သုဝဏ္ဏမိဂဇာတ်)




## ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်၊ အမျိုးသမီးတစ်ဦးကို အကြောင်းပြု၍ ဟောကြားတော်မူသည်။ သာဝတ္ထိမြို့၌ အမျိုးသမီး တစ်ယောက်သည် ရတနာသုံးပါး၌ ကြည်ညိုရုံမျှသာမက ရှင်သာရိပုတ္တရာ

www.dhammadownload.com



ရှင်မောဂ္ဂလာန်၊ အဂ္ဂသာဝကကြီးနှစ်ပါးတို့၏ အလုပ်အကျွေး လည်းဖြစ်၏။ မိစ္ဆာဝါဒ ကိုးကွယ်သော အမျိုးသား တစ်ယောက်၏မိဘများက လာရောက်တောင်းရမ်း၏။ မိန်းကလေး၏ မိဘများက ဘာသာချင်းမတူ၍ မပေးစားနိုင်ကြောင်း ပြောလွှတ်လိုက်၏။ အမျိုးသားဘက်မှ "လွတ်လပ်စွာကိုးကွယ်ခွင့်ပြုပါမည်၊ ဒါနအမှု၊ သီလအမှုတို့၌ စိတ်တိုင်းကျ ပေးလှူဆောက်တည်နိုင်ပါသည်" ဟု အာမခံသဖြင့် သဘောတူပြီး မင်္ဂလာရက်မြတ် လက်ထပ်ပေးစားလိုက်လေ၏။

## မိစ္ဆာဒိဋ္ဌိအိမ်မှ အလှူ

ထိုအမျိုးသမီးသည် ယောက္ခမအိမ်သို့ ရောက်လေလျှင် လင့်ဝတ္တရားများသာမက၊ ယောက္ခမများအပေါ်၌လည်း မိဘရင်းနှင့်မခြား ရှိသေလေးစား ဝတ္တရားကျေအောင် ထမ်းဆောင်လေသည်။ ထိုအမျိုးသမီးကို တစ်အိမ်လုံးကချစ်ကြ၏။ ဒါနမှု၊ သီလမှုများကိုလည်း မိဘအိမ်မှာကဲ့သို့ ပြုလုပ်ခွင့် ရသည်။ သို့သော် တစ်အိမ်လုံးက မိစ္ဆာဒိဋ္ဌိများသာဖြစ်၍ တစ်ဦးတည်းသာ လုပ်ကိုင်ရသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း မသိ၊ သဒ္ဓါတရားလည်းမရှိ၊ ဆွမ်းစားကြွလာသော ရဟန်းတော်များကို ရှိသေကိုင်းရှိုင်းရကောင်းမှန်းလည်း မသိ၊ အနုမောဒနာ တရားကို နာကြားရကောင်းမှန်းလည်းမသိ။

ဆွမ်းကွမ်း ကိစ္စများတွင် တစ်ယောက်တည်း မနိုင်မနင်းဖြစ်ရသည့် အခါများတွင် "အရှင်ဘုရားများ၊ တပည့်တော်၏ အိမ်သားများသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိကြ

www.dhammadownload.com



သူများမဟုတ်၍ ခွင့်လွှတ်သည်းခံပြီး ထိုသူတို့ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသိလာကြသည့်တိုင်အောင် နေစဉ်ပင် ဆွမ်းကို ခံယူ ဘုဉ်းပေးတော်မူကြပါ" ဟု ကြိုတင်လျှောက်ထားခဲ့လေသည်။

တစ်ဖန် လင်ယောကျ်ားအားလည်း "မထေရ်တို့ နေ့စဉ် အိမ်သို့ ကြွလာသည်ကို သင်တို့ အဘယ်ကြောင့် မဖူးကြသနည်း၊ နက်ဖန်ခါမထေရ်တို့ကြွလာလျှင် ထွက်၍ဖူးပြီး ဆွမ်းအနုမောဒနာတရား နာကြပါဦး"ဟု ပြောကြား၏။ လင်က "ကောင်းပြီ၊ ဖူးမြော်ပါမည်"ဟု ဝန်ခံ၏။

## ကျော့ကွင်းမှ လွတ်မြောက်ပြီးမှ

နောက်တစ်နေ့တွင် အဂ္ဂသာဝကနှစ်ပါးတို့ ဆွမ်းဘုဉ်းပေးပြီးသောအခါ လင်အား အကြောင်းကြား၏။ လင်သည် ရှိသေစွာ တရားတော်ကို နာကြား၏။ ဤသို့ဖြင့် သူမ၏ ယောကျ်ားသည် ရတနာသုံးပါးကိုကြည်ညိုခဲ့၏။ ယောကျ်ား၏ အမိအဖမှစ၍ တစ်အိမ်လုံးသည် ဘုရား၊ တရား၊ သံဃာကို သာ၍လျှင် မြတ်နိုးကြကုန်၏။

တစ်နေ့တွင်လည်း လင်မယားနှစ်ယောက်တို့ တိုင်ပင်၍ ရဟန်းအဖြစ်ကိုခံယူကြပြီး ဝိပဿနာတရားကိုပွားကြ၍ မကြာမီပင် အရဟတ္တဖိုလ်သို့ရောက်ကြ၏။ (ဤသည်ကိုအကြောင်းပြု၍ မြတ်စွာဘုရားသခင်က ထိုရဟန်းမိန်းမငယ်သည် ရှေးကလည်း မိမိလင်သားကို သေခြင်းဟူသော ကျော့ကွင်းမှ လွတ်စေ၏ဟု အတိတ်ဇာတ်ကို ဟောတော်မူ၏။)

www.dhammadownload.com



# လင်သားအတွက် အသေခံမည်

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ဘုရားလောင်းသည် ရွှေသမင်မင်းဖြစ်၏။ ရွှေသမင်မင်း၏မယားသည် နုပျိုလှသော သမင်မကလေးဖြစ်၏။ သူတို့ အလွန်ချစ်ကြ၏။

တစ်နေ့တွင် ရွှေသမင်သည် နောက်လိုက် သမင် ရှစ်သောင်းကို ဦးဆောင်၍ထွက်ခဲ့ရာ သမင်မင်း၏ ခြေထောက်၌ ကျော့ကွင်းမိ၏။ သမင်မင်းသည် ကျော့ကွင်းကို ပြတ်ရန် အားစိုက်၍ ရုန်းကန်သည်။ အရေပြားတို့သည် စုတ်ပြတ်ကုန်၏။ ထပ်၍ရုန်းသော် ကျော့ကွင်းသည်သာ အသားထဲသို့ နစ်ဝင်၏။ ထပ်၍ရုန်းပြန်၏။ အကြောပြတ်ပြီး အရိုးသို့ထိခိုက်သွားသော အခါ နာကျင်သည့်ဒဏ်ကြောင့် ကျယ်လောင်စွာ အော်၏။ ဘုရားလောင်း၏ အော်သံကြောင့် သမင်အပေါင်းသည် လန့်၍ ပြေးကြ၏။

သမင်မလေးသည် သမင်အုပ်ထဲတွင် သူ့ချစ်လင်ကိုမတွေ့ သဖြင့် "ငါ၏ချစ်လင်ကားဘေးတွေ့လေပြီ"ဟု ပြန်လှည့်၍ လာခဲ့ပြီး ချစ်လင်၏ အဖြစ်ကို မြင်ရသောအခါ ရင်ထုမနာ ငိုကြွေးကာဖြင့် ကြိုးစား၍ ရုန်းထွက်ပါရန် ပြော၏။

သမင်မင်းက ရုန်းခဲ့သည်မှာ အသားများပြတ်၍အရိုးခိုက် နေပြီဖြစ်ကြောင်းပြော၏။ ထိုအခါ သမင်မက သမင်မင်းအား "အရှင်မကြောက်ပါလင့်။ မုဆိုးလာလျှင် ကျွန်မတောင်းပန်ပါ မည်၊ တောင်းပန်း၍မရလျှင် အရှင့်ကိုယ်စား ကျွန်မအသက် ခံပါမည်၊ အသက်နှင့်လဲပါမည်" ဟုနှစ်သိမ့်စေ၍ သွေးအလိမ်း လိမ်းနှင့် သမင်မင်းကို မိ မိကိုယ်၌ မှီစေ၍ ရပ်၏။

www.dhammadownload.com



## လွှတ်မြောက်စေပါပြီ

မုဆိုးရောက်လာ၏။ သမင်မသည် သမင်မင်း၏ ဂုဏ်ကျေးဇူးကိုဆို၍ သမင်မင်းအားလွှတ်ပြီး မိမိအားသတ်ပါရန် လည်စင်း၍ပေး၏။

ထိုအဖြစ်ကို မြင်ရကြားရသောမုဆိုးသည် အံ့ဩ၍ "လူဖြစ်သောမိန်းမများသည်ပင် လင့်အတွက် ကိုယ့်အသက်ကိုမစွန့်၊ ဤသမင်မသည်ကား တိရစ္ဆာန်ဖြစ်လျက် လင့်အတွက်အသက်ကိုစွန့်၏။ လူတို့ ဘာသာစကားကိုလည်း ပြောတတ်၏။ ယနေ့ငါသည် ဤသမင်မင်းမောင်နှံအား အသက်ချမ်းသာခွင့်ပေးမည်"ဟု နှလုံးသွင်းလျက် သမင်မကို မသတ်ရုံမျှမက သမင်မင်း၏ခြေမှ သားရေလွှန်ကိုဖြတ်၍ ဖြည်းညင်းစွာထုတ်၍ အကြောကိုအကြောချင်း၊ အသားကိုအသားချင်း၊ အရေကိုအရေချင်းစပ်၍ လက်ဖြင့်အုပ်ပေး၏။

ထိုခဏ၌ ဘုရားလောင်း၏ ပါရမီ၊ မုဆိုး၏မေတ္တာ၊ သမင်မ၏ လင်သားအပေါ်၌ စောင့်အပ်သောတရား၏ အာနုဘော်တို့ကြောင့် အကြော, အသား, အရေတို့သည် ချက်ချင်းစပ်လျက် ရပ်နိုင်၏။

ဘုရားလောင်းသည်မုဆိုးအားကျေးဇူးဆပ်သည့်အနေဖြင့် မိမိတွေ့ရှိထားသော ပတ္တမြားတုံးကို ပေး၏။

### ဇာတ်ပေါင်းသော်

မုဆိုးသည် ... ဆန္နရဟာန်း၊

သမင်မသည် ... ရဟာန်းမိန်းမငယ်

သမင်မင်းသည် ... ငါဘုရားဖြစ်လာ၏

ဟုဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com



## ၁၀။ မျောက်များပြီးရင်းမျောက်များရင်း

(အသိတိနိပါတ် ၅၃၆၊ မဟာကုဏာလဇာတ်မှကုဲရက်ဒေဝီဇာတ်)

(ဤဇာတ်သည်ကား အသီတိနိပါတ် ကုဏာလဇာတ်မှ ထုတ်နုတ် ဖော်ပြပါသည်။)

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ ဗာရာဏသီမင်းသည် ကောသလမင်းကို တိုက်ခိုက်၍ သတ်ဖြတ်ပြီး ကိုယ်ဝန်ရှိသော မိဖုရားကိုပါ သိမ်းပိုက်၏။

ကိုယ်ဝန်ရှိကြောင်းသိသော်လည်းမိဖုရားအရာတင်မြှောက်လေ၏။

ကိုယ်ဝန်ရင့်သော် ရွှေရုပ်နှင့် တူသော သားကို ဖွား၏။

မိဖုရားသည် ငါ့သားကို ရန်သူသားဟု သတ်၍ပစ်လိမ့်မည်။ သူတစ်ပါးလက်မှာ အသက်မဆုံးရှုံးပါစေနှင့်ဟု အထိန်းတော်ကိုခေါ်၍ သားရတနာကို အနီးနှင့်ပတ်ကာ သုသာန်မှာ ပစ်ချေဟု စေခိုင်းစေလိုက်၏။

ထိုသူငယ်၏ ဖခင်အရင်း ကောသလမင်းသည် သားကို တမ်းတစွဲလမ်းပြီးသေသဖြင့် သားစောင့်နတ် ဖြစ်လာ၏။

ဖခင်နတ်၏ အာနုဘော်ကြောင့် ဆိတ်မကြီးတစ်ကောင်သည် မင်းသားငယ်ကိုမြင်လျှင် သားကဲ့သို့ချစ်ခင်၍ နို့ချိုအေးကို တိုက်ကျွေးလေ၏။ ဆိတ်မကြီးနို့တိုက်နေသောကလေးကို ဆိတ်ကျောင်းသားမြင်ပြန်လျှင် ကလေးကို ချစ်ခင်၍ အိမ်သို့ယူသွားပြီး မယားအားအပ်လေသည်။

မိန်းမကလည်း သားသမီးမရှိသည်နှင့် ဆိတ်နို့ကိုပင်တိုက်ကျွေးရလေရာ အခြားဆိတ်များ သေဆုံးရသဖြင့် ထိုကလေးကို အိုးထဲထည့်၍ မြစ်ဆိပ်မှာ မျှောလိုက်လေ၏။

www.dhammadownload.com



မင်း၏နန်းတော်ဝယ် ခြယ်လှယ်ပြုပြင်လုပ်ကိုင်သော ဒွန်းစဏ္ဍားလင်မယားက တွေ့ရှိသော် ကောင်းစွာ ဆယ်တင်ပြီး သားသမီးအရာ မွေးစား၍ ထားလေ၏။

အရွယ်ရောက်သော် ထိုသူငယ်သည် ဖခင်နှင့်အတူ လိုက်သွား၍ နန်းတော်အတွင်းမှာ အလှအပ ပြင်ဆင်စရာရှိသမျှ ပြင်ဆင်၍ပေးရ၏။

မင်း၏မိဖုရားကြီးတွင် ကုရုင်္ဂဒေဝီ အမည်ရသည့် အလွန်လှပသော သမီးရတနာက ထိုသက်တူရွယ်တူ သတိုးသားကိုမြင်သည့်နေ့မှစ၍ မေတ္တာပွားမိသဖြင့် အလုပ်လုပ်ရာဌာနသို့ မကြာခဏသွားကြည့်ရင်း နှစ်ဦးသား မေတ္တာမျှကာ လုံခြုံရာဌာန၌ နှစ်ယောက်သား အချစ်ပလူး ပျော်မြူး၍နေကြလေတော့သည်။

ကာလရှည်းလျားသော် မင်းကြီးနားပေါက်ကြား၍ "ဒွန်းစဏ္ဍားသားက ရမ်းကားရလေသလား" ဟု သတ်စေ အမိန့်မှတ်လေ၏။

ထိုခဏ၌ မယ်တော်သည် မိမိသားအား အမှတ်အသားပြုထားသည်ကြောင့် မိမိသားမှန်းသိ၍ "ဒွန်စဏ္ဍားသားမဟုတ် ပါ၊ ကျွန်မဝမ်းမှဖွားသော ကောသလမင်း၏သားတော်ပါ" ဟု ငယ်ငယ်ဘဝက မျက်ခြည်ပြတ်မခံဘဲ သိသမျှအစုံကို မင်းကြီးအားလျှောက်ထားလေလျှင် မင်းကြီးက စုံစမ်း၍ မင်းသွေးမှန်းအမှန်သိသောအခါ သမီးနှင့်ပေးစား၍ ဖခင်အမွေ ကောသလမင်း တိုင်းပြည်ကို မင်းပြုရန် စေလွှတ်၏။ ကုရုင်္ဂဒေဝီနှင့်အတူ ကောသလတိုင်းကို အုပ်ချုပ်၍ မင်းလုပ်တော်မူလေသည်။

www.dhammadownload.com



မကြာမီပင် ဗာရာဏသီ မင်းမြတ်က အတတ်အမျိုးမျိုးကို သင်ကြားပြသရန် "ဆဋ္ဌင်္ဂကုမာရ"အမည်ရှိသောဆရာကို စေလွှတ်တော်မူ၏။ မင်းသားသည် စစ်သူကြီးအရာထား၍ မြောက်စားထားရာမှ နောင်သောအခါ ကုရုက်ဒေဝီမိဖုရားနှင့်ယှဉ်ပါးလျက် မှောက်မှားကြတော့သည်။

စစ်သူကြီးသည် "ဓနန္တေဝါသီ"အမည်ရှိ တပည့်တစ်ဦးကို ကုရုက်ဒေဝီထံ ဝတ်စားတန်ဆာ လက်ဆောင်ပဏ္ဏာများ မကြာခဏစေလွှတ်ပေးပို့စေရာမှ ကုရုက်ဒေဝီသည် စစ်သူကြီး၏ တပည့်နှင့် မှောက်မှားကြပြန်လေသည်။

ဆဋ္ဌင်္ဂကုမာရဆရာ သေနာပတိသည် နောင်အခါ ကုဏာလငှက်မင်းဖြစ်၍ မိမိတွေ့ကြုံမိခဲ့သမျှကို ပြောပြလေသတည်း။

ထိုကြောင့်မဃဒေဝလကာ၌ နန်းတက်ပျော်ကြီး၊ မင်းသမီးလျက်၊ မနီးမျိုးနွယ်။ ညှိုးငယ်ယောက်ျား၊ ဒွန်းစဏ္ဍားနှင့်၊ ယှဉ်ပါးရောယှက်၊ ကျင့်ကန်းတတ်၏ဟူ၍ စပ်ဆိုတော်မူ၏။

○

www.dhammadownload.com

# ၁၁။ ငွေနှင့်ယှဉ်းများသော တောင်ညာစံ မိဖုရား ဝတ္ထု
(စတုက္ကနိပါတ် ၁၄၁။ ကဏ္ဍရီဇာတ်)




မဟာကုဏာလဇာတ်မှ

ဗာရာဏသီပြည်၌ ကဏ္ဍရီမင်းစိုးစံစဉ်၊ ထိုမင်းသည် ရုပ်ဝါ တင့်တယ် ရှုချင်ဖွယ်သော အဆင်းအင်္ဂါနှင့်ခန့်ညားလှသည်။ မင်းအား အမတ်ပေါင်းတစ်ထောင်တို့က နေ့စဉ်နံ့သာကြုတ် တစ်ထောင် ဆက်သကြပြီး နန်းတော်တွင်း၌ပက်ဖျန်းကြကာ

www.dhammadownload.com



မွှေးနံ့သာတုံးခဲစေ၏။ နန်းတွင်း၌ ထမင်းချက်ကြလျှင် နံ့သာကြွတ်များကို ခွဲဖျက်ကာ နံ့သာထင်းတို့ဖြင့် ချက်ကြ၏။

ထိုမင်း၏ ဖွားဖက် သူငယ်ချင်း ပညာရှိပုရောဟိတ် ပုဏ္ဏားကား ပဥ္စလစဏ္ဍာ ဖြစ်၏။

## သပြေပန်းစခန်း

ထိုမင်း၏ နန်းတော်အနီးတွင် သပြေပင်ကြီး တစ်ပင်မှာ ခက်လက်စည်ကား ကြီးမားစွာ ပေါက်ရောက်ပြီး အကိုင်းအခက်တွေမှာ တံတိုင်း၏အထက်က တွဲလျားကျလျက် နေလေ၏။

တံတိုင်းပြင်ဘက် သပြေရိပ်တွင်ကား စက်ဆုပ်ဖွယ်ရာရုပ်သဏ္ဍာန်ရှိသော စကားထစ်သည့် ငဆွံ့ တစ်ယောက်သည် မှီခိုကပ်ကာ နေရရှာ၏။

## မိမိလင်သားမှတစ်ပါး

တစ်နေ့တွင် "ကိန္နရဒေဝီမဟေသီ"မိဖုရားကြီးသည် လေသာပြတင်းတံခါးမှ သပြေပင်ရိပ်ဆီသို့ လှမ်းမျှော်၍ ကြည့်ရာတွင် ငဆွံ့ကိုမြင်လေ၏။

ညအချိန်တွင် ကဏ္ဍရီလင်သားနှင့် ပျော်ပါး အပြီးတွင် စိတ်အတွင်း၌ အာသာမပြေ၊ အနီးရှိဘုရင်မင်းတရားမှာလည်း အိပ်မောကျ၍ နေခိုက်တွင် တံတိုင်းအပြင်က ငဆွံ့ကိုသတိရသဖြင့် စက်ရာမှထပြီးလျှင် ကောင်းနိုးရာရာသောဘောဇဉ်တို့ကို ရင်ဝယ်ပိုက်ကာ အဝတ်ကြိုးဖြင့် လေသာပြတင်းမှ သက်ဆင်းလျက် သပြေပင်သို့တက်၊ သပြေခက်မှ ဆင်းသက်ပြီး

www.dhammadownload.com



ချစ်သောမောင်မောင် ဆွဲ့အနားသို့သွားကာ ပါလာသော စားစရာများကို ကျွေးမွေးလေ၏။

ထိုနောက်သောအခါ မိစ္ဆာစာရ ပါပဉ္စည်းညျူး မကောင်းမှုကို ပြုကြပြီး သပြေခက်မှ တစ်ဖန်တက်၍ လာလမ်းအတိုင်း ပြာသာဒ်သို့ တက်ပြီးလျှင် ကိုယ်နံ့သာဖြင့် လိမ်းကျံလျက် မင်းနှင့်အတူ မင်း၏နံပါးအသာသွား၍ အိပ်လေတော့သည်။

ဤသို့သောနည်းဖြင့်ပင် အစဉ်မပြတ် ဆွဲ့နှင့်မကောင်းမှုကို ပြုကျင့်နေကြ၏။

## တိတ်တိတ်ပုန်းလင် မစ်ရျင်စိတ်

တစ်နေ့သောအခါ ကဏ္ဍာရိမင်းသည် စစ်သည်ဗိုလ်ပါများနှင့် မြို့ကို လက်ယာရစ်လှည့်ပတ်ပြီး နန်းတော်သို့ ဝင်လာရာတွင် သပြေပင်အရိပ်၌ သနားဖွယ်ရာလှူညွန့်တုံးသည့် ဆွဲ့ကို မြင်လျှင် ရပ်တော်မူ၍ အနီးရှိ ပုရောဟိတ်အား မေးမြန်းတော်မူသည်မှာ "စက်ဆုပ်စရာ လူ့ပြိတ္တာမှာ အဘယ်သို့သောမိန်းမများက အတူပေါင်းသင်း နေနိုင်ခြင်း ပြုမလဲ" ဟု မေးမြန်းတော်မူလေ၏။

ထိုစကားကို ဆွဲ့ကြားလေလျှင် မစ်ရျင်စိတ်ထား မာန်မာနပွား၍ သူ့မိဖုရား ငါ့ထံလာသည့်အကြောင်းများ မသိယောင်တကားဟု သပြေပင်အား လက်အုပ်ချီလျက် "သပြေပင်စောင့် နတ်မင်း နာတော်မူ၊ အရှင်နတ်မင်းမှ အပ ထိုအကြောင်းကို တစ်ပါးသောသူ မသိပါ" ဟုဆို၏။

ထိုစကားကိုကြားလျှင် ပုရောဟိတ်ကစဉ်းစားမိ၏။ နန်းတော်သို့ရောက်လျှင် ထိုစကား၏အဓိပ္ပာယ်ကို မင်းကမေးလျှင် ...

www.dhammadownload.com



"အရှင်မင်းမြတ်၊ ညဉ့်အဖို့ကာလဝယ် အရှင့်မိဖုရား၏ ကိုယ်အတွေ့သည် မည်သို့သဘော ရှိပါသနည်း"ဟု မေးသော် မင်းက...

"ဆရာ၊ အခြားတစ်ပါးကို မမြင်ပါ၊ သန်းခေါင်ယံ၌ကား မိဖုရား၏ ကိုယ့်အတွေ့သည် အလွန်အေးလှ၏"ဟု ဆို၏။

"ဤသို့ဆိုလျှင် အခြား တစ်ပါးသောမိန်းမကိုထားဘိဦး၊ အရှင်မင်းမြတ်၏ အဂ္ဂမဟေသီ ကိန္နရဒေဝီသည် ဤငဆွံ့နှင့် ယုတ်မာသော အကျင့်ကို ကျင့်၏"ဟု တထစ်ချပင် ဆုံးဖြတ် လျှောက်တင်၏။

"အလို...ဘယ်သို့ ဆိုသနည်း၊ အလွန်တင့်တယ်စံပယ်ခြင်း နှင့် ပြည့်စုံသော မိဖုရားကြီးသည် စက်ဆုပ် ရွံရှာဖွယ်ရာ ကောင်းလှပါသောဆွံ့နှင့် မွေ့လျော်နိုင်ပါမည်လား"

"ဤသို့ဆိုလျှင် မိဖုရားကိုစုံစမ်းတော်မူလော့" ဟုလျှောက် တင်၏။

## ကိုယ်တွေ့ကြုံရ

မင်းသည် ညစာ စားပြီးသော် အိပ်ချိန်၌ ဟန်မပျက်ပင် အိပ်ပျော်ယောင်ဆောင်၍ နေ၏။ မိဖုရားကြီးသည် အိပ်ရာမှ တိတ်တဆိတ် ထ၍ ရှေးနည်းအတူ ပြုမူ၏။ မင်းသည် နောက် ယောင်ခံ၍ သပြေပင်ရိပ်မှာရပ်နေ၏။ ဆွံ့သည်မိဖုရားအား စိတ်ဆိုး၍ "နင် ယနေ့ အလွန်နောက်ကျသည်၊ ငါ့မှာအလွန် ဆာနေပြီကို မသိသလော"ဟု ပြော၍ ပါးကို ရိုက်လိုက်ရာ မိဖုရား၏ နားမှ ခြင်္သေ့ခံတွင်းပုံစံ သွင်းအပ်သောနားတောင်း သည် ပြုတ်ကျလွင့်ထွက်၍ မင်း၏ခြေရင်းသို့ကျလာ၏။ မိဖုရား ကြီးသည် ဆွံ့ကိုတောင်းပန်ခယနေခိုက် မင်းက နားတောင်း

www.dhammadownload.com



ကို ကောက်ယူပြီး ဤမှုဖြင့် သက်သေခံ လုံလောက်ပြီဟု ပြန်၍လာ၏။

## နားတောင်းသက်သေခံ

နောက်တစ်နေ့တွင် မင်းက အမိန့်ထုတ်၏။ "ကိန္နရဒေဝီ သည် ငါပေးသမျှ အဆင်တန်ဆာကိုဝတ်ဆင်၍ လာခဲ့ရမည်" ဟု အမိန့်ပေး၏။ မိဖုရားကြီးသည် ခြင်္သေ့ခံနားတောင်းကို ရွှေပန်းတိမ်သည်ထံမှာ အပ်နှံထားသည်ဟု မလာဘဲ နေ၏။ တစ်ဖန်ခေါ်နိုင်မှ နားထောင်းတစ်ဖက်သာ ဝတ်၍လာ၏၊ မင်းကမေးသော် "ရွှေပန်းတိမ်ထံမှ အပ်ထားပါသည်"ဟု လျှောက်တင်၏။ မင်းသည် အမျက်ထွက်၍ "ဟယ်...ယုတ်မာ ဆိုးရွား ဒွန်းစဏ္ဍားမ၊ ငါကဲ့သို့သော မင်းကိုပင် ရွှေပန်းတိမ် သည် ဖြစ်အောင် ပြောသည်"ဟု ခြင်္သေ့ခံနားထောင်းကို မိဖုရားရှေ့ကိုပစ်ချပြီးလျှင် "ထိုမိန်းမယုတ်၏ ဦးခေါင်းကို ဖြတ်၍သတ်စေ"ဟု အမိန့်တော် ချမှတ်လိုက်လေ၏။

## သဗ္ဗဏ္ဏုတ္တိ ရှိရှိသမျှ

ထိုအခါ ပုရောဟိတ် အမတ်က သည်းခံတော်မူပါ၊ ကိန္နရ ဒေဝီအား အမျက်ထွက်တော် မမူပါလင့်၊ မိန်းမသဘာဝ နီတိ ကျမ်းလာ ပြဆိုရာတွင် (အခွင့်လည်းသာ၊ အခါလည်း သင့်၊ မမြင်လွတ်စွာ၊ ဆိတ်ကွယ်ရာရပ်၊ ရရှိလတ်သော်၊ သဗ္ဗဏ္ဏုတ္တိ၊ ရှိရှိ သမျှ၊ ထိုမိန်းမတို့၊ ဂုဏ်ရည်ဖွာတ်တူ၊ မရမူလည်း၊ သူဆွံ့သူအ၊ ကုံးကွန့္တနဲ့ရုပ်ရှာပဲလျှင်၊ နွဲ့ပျော်ရွှင်သည်) ဟု နီတိဆရာမိန့်ကြား သည့်စကားရပ်အတိုင်းပင်ဖြစ်လာပါသည်။ အကယ်၍မိန်းမတို့ အကြောင်း အဆိုးအကောင်းကို သိလိုပါလျှင် မထင်ရှားသော အသွင်ဖြင့်၊ စနေ့ပြည်သို့ သွားရောက်စုံစမ်းကြပါအံ့" ဟုဆိုလျှင်

www.dhammadownload.com



မင်းလည်း သဘောတူ၍ မယ်တော်ကို တိုင်းပြည် အပ်ကာ နှစ်ကိုယ်တည်း ခရီးထွက်လေသည်။

## သတို့သမီး

တစ်ယူဇနာလောက်ရောက်လေလျှင်၊ လမ်းမတွင် ခေတ္တနားနိုက် သူကြွယ်တစ်ယောက်သည် မိမိသားအတွက် မင်္ဂလာဆောင်လာလျက် သတို့သမီးကို လှပစွာကာရံထားသော လှည်းယာဉ်၌ နေစေလျက် အခြံအရံများစွာဖြင့် သွား၏။

ထိုလူစုကိုမြင်၍ ပုရောဟိတ်က......

"အရှင်မင်းမြတ်၊ အလိုရှိပါလျှင် ဤမင်္ဂလာ သတို့သမီးကို မင်းမြတ်နှင့်တကွ ယုတ်မာသောအမှုကိုပြုစေနိုင်ပါသည်" ဟု လျှောက်၏။

"မည်သို့ပြောလိုက်ပါလိမ့်၊ အခြံအရံတွေကများလှသည်၊ မည်သို့ တတ်နိုင်ပါမည်နည်း"ဟုပြောဆို၏။ ပုရောဟိတ်က "သို့ဆိုလျှင် ကြည့်တော်မူလော့"ဟုဆို၍ရှေ့ကပြေးသွားပြီး လမ်းဘေးတစ်နေရာတွင် တင်းတိမ်တွင်းသွင်းလျက် မိမိမူကား လမ်းဘေးမှာငိုယိုကာနေလေ၏။

သူကြွယ်ကမြင်၍ မေးလျှင် ပုရောဟိတ်က ကျွန်ုပ်၏မယားသည် နေစေ့လစေ့ကြီးနှင့် မိဘများအိပ်မှာသားဖွားလိုသည် ဆို၍ ပို့ဆောင်ပေးရန်လာခဲ့ကြရာ ခရီးအကြားမှာပင် မွေးဖွားရန်လှုပ်ရှား မိန်းမဖော်များမရှိပါဘဲ ကန့်လန့်ကာအတွင်းမှာ အလွန် ပင်ပန်းလျက်ရှိပါ၏။ မိန်းမဖော် တစ်ယောက်လောက် အနားမှာရှိစေရန် ကူညီစေချင်ပါသည်"ဟုပြော၏။ ထိုအခါသူကြွယ်က.......

www.dhammadownload.com



"ဖြစ်နိုင်ပါသည်၊ ငိုမနေပါနှင့်တော့၊ မိန်းမတွေအများကြီးပါပါသည်၊ တစ်ယောက်ယောက် လွှတ်ပေးပါမည်"ဟု ပြော၏။ ထိုအခါ ပုရောဟိတ်က.......

ဤသို့ဆိုလျှင် မင်္ဂလာ သတို့သမီးကို လွှတ်ပေးစေချင်ပါသည်၊ သတို့သမီးကလေးအတွက် မင်္ဂလာဦးမှာ တိုးပွားခြင်း၊ မင်္ဂလာဖြစ်ပါလိမ့်မည်"ဟုဆို၏။ ထိုအခါ သူကြွယ် ကစဉ်းစားတော့သည်။

"ဟုတ်မှန်လှပေသည်၊ ငါ့ချွေးမအား တိုးပွားခြင်း မင်္ဂလာဆောင်ရွက်ပေးရမည်၊ ဤနိမိတ်ဖြင့် ငါ၏ချွေးမသည် သားသမီးတို့ဖြင့် ပွားစည်းခြင်းဖြစ်ပေမည်" ကြံဆ၍ သတို့သမီးချွေးမငယ်ကို လွှတ်လိုက်၏။

မင်္ဂလာသတို့သမီးလည်းတင်းတိမ်းအတွင်းသို့အဝင် သွင်ပြင်မှုရာ လှပစွာသော ယောကျ်ားတစ်ယောက်ကိုမြင်၍ အံ့အားသင့်ခိုက်၊ အတွေ့ကိုမရှောင်ဘဲ နှစ်ဦးသားပင် ယုတ်မာသောအမှုကိုပြုကြလေသည်။ မင်းသည်လည်း လက်စွပ်တစ်ကွင်းဆုချလိုက်၏။

သတို့သမီးသည်ကိစ္စပြီးစီး၍ ကန့်လန့်ကာအတွင်းမှထွက်ခဲ့သော်"ဘာကလေးဖွားသလဲ"ဟု မေးကြ၏။ "ယောကျ်ားကလေး၊ ယောကျ်ားကလေး၊ ရွှေတုံးရွှေခဲကြီးလို လှလိုက်တာလွန်ရော"ဟု ပြောဆိုကာ မိမိလှည်းယာဉ်ပေါ်သို့တက်ရောက်ခရီးဆက်ကြလေ၏။

ပုရောဟိတ်သည် မင်းထံသို့သွားကာ "အရှင်မင်းမြတ်၊အပျိုစစ်စစ်သတို့သမီး ဖြစ်လျက်လည်း ဆိတ်ကွယ်ရာ ရှိ၍ အခွင့်သာလျှင် ပြုတတ်မြဲမမှတာ၊ ပွဲတိုးပြီးမိန်းမများဆိုလျှင် အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း" ဟု ပြောဆိုပြီး၊ သတိရ၍ "သက်သေခံ

www.dhammadownload.com



ဖြစ်မည့်ပုစ္ဆာတစ်ခုတစ်ရာများပေးလိုက်ပါသေးသလား"ဟု သတိတရမေးသောအခါ လက်စွပ်တစ်ကွင်းပေးလိုက်ကြောင်း သိရလျှင် နောင်အခါ သက်သေခံထား စာရင်းဖယား ရှုပ်လာမည့်အရေးဖြစ်၍ အမိလိုက်ကာ လှည်းယာဉ်ကိုဆွဲကိုင်ရာတွင် သူကြွယ်က "ဘာအကြောင်းများနည်း" ဟု မေးရာ၊ "ကျွန်ုပ်စနီးခေါင်းရင်လက်စွပ်ကို ယူသွားပါသည်"ဟု ပြောလေလျှင် သတို့သမီးသည် လက်စွပ်ကိုချွတ်၍ ပုရောဟိတ်လက်ကို လက်သည်းနှင့်ဆိတ်၍ "လူလိမ်တွေ"ဟုဆိုကာ ပေးလိုက်၏။

**ကမ္ဘာအစကပင်**

ဤသို့လျှင် မင်းနှင့် ပုရောဟိတ်ပုဏ္ဏားသည် အမျိုးမျိုးအစားစား ပရိယာယ်များဖြင့် ဖောက်ပြန်ကြသည်များကို မင်းအား ကိုယ်တွေ့ကြုံစေ၍ ဗာရာဏသီသို့ ပြန်လာကြပြီး......

"အရှင်မင်းမြတ်၊ ဤသို့ဖြစ်ခြင်းသည် ကမ္ဘာအစကပင် ဖြစ်ခဲ့သော ဓမ္မတာလမ်းရိုးကြီး ဖြစ်ပါသောကြောင့် ကိန္နရဒေဝီ၏အဖြစ်ကို သည်းခံတော်မူပါရန်" လျှောက်ထားတောင်းပန်သဖြင့် အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအရာမှချ၍ မင်းအိမ်မှ နှင်ထုတ်စေ၏။ ငဆွံ့ကိုလည်း နှင်ထုတ်စေပြီး သပြေပင်အခက်တို့ကို ခုတ်ဖြတ်စေ၏။


ထိုအခါ ကုဏာလ ငှက်မင်းသည် ပဥ္စလစဏ္ဍာ မည်သော ပုရောဟိတ်ဖြစ်ခဲ့ဖူး၍ မိမိဒိဋ္ဌိသိခဲ့မြင်ခဲ့သမျှကို သာဓကအဖြစ် ထုတ်ဆောင်၍ ပြ[illegible]တည်း။

ထို့ကြောင့် မဃဒေဝလင်္ကာ၌ "တောင်ညာနန်းမ၊ လက်ယာရသား၊ အဂ္ဂမဟေ၊ပဒုဗ္ဗေထက်၊ ဘိသေသဟံ၊ ရေသွန်းခံချက်၊ငဆွံ့နှင့်ယှင်း" စသည်အားဖြင့် စပ်ဆို၍ ထားတော်မူသည်။

www.dhammadownload.com

# ၁၂။ အဆိပ် သတိထား

(ဧကနိပါတ်၉၃။ ဝိသာသဘောဇနဇာတ်)




**ပစ္စုပ္ပန်ဝတ္ထု**

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်၊ အကျွမ်းဝင်သူပေးသောအစားအသောက်ကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်မှုကို အကြောင်းပြု၍ ဟောတော်မူသည်။)

**အတိတ်ဇာတ်**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်၊ ဘုရားလောင်း

www.dhammadownload.com



သည် သူဌေးဖြစ်၏။ သူဌေး၏ နွားကျောင်းသားတစ်ယောက်သည် မြက်ရှားသဖြင့် တော၌ နွားခြံလုပ်ပြီး နွားကျောင်း၏။ သူဌေးထံ မကြာခဏ နွားနို့၊ ဒိန်ခဲ၊ ထောပတ်၊ နို့ချဉ်စသည်ဖြင့် ပို့လေ့ရှိ၏။

နွားကျောင်းသား၏ နွားခြံအနီးတွင် ခြသေ့ံတစ်ကောင်နေ၏။ နွားမတို့ ကြောက်၍ နို့ထွက်နည်း၏။ တစ်နေ့တွင် ထောပတ်နည်း၍ သူဌေးကမေးရာမှ ခြသေ့ံကိုကြောက်၍နွားမများ နို့ထွက်နည်းသည့်အကြောင်းပြောသဖြင့် သူဌေးက "ထိုခြသေ့ံသည် သတ္တဝါတစ်ကောင်ကောင်၌ စွဲလမ်းတပ်မက်ခြင်း ရှိသလား"ဟုမေး၏။ "ပြောင်မတစ်ကောင်နှင့်အတူ ပေါင်းဖက်ခြင်းရှိပါသည်" ဟုဆို၏။ သူဌေးက "ထိုပြောင်မကိုဖမ်း၊ နဖူးမှစ၍ တစ်ကိုယ်လုံးရှိ အမွေးတို့ကို အဆိပ်ဖြင့် အဖန်တလဲလဲ လိမ်းကျံ၍ ခြောက်အောင်ထားကာ နှစ်ရက်, သုံးရက်ကြာမှ လွှတ်လော့"ဟုဆို၏။ နွားကျောင်းသားသည် ပြောင်မကို ဖမ်း၍ ဘုရားလောင်းမှာသည့်အတိုင်းလုပ်၏။

ခြသေ့ံသည် ပြောင်မကိုမြင်လျှင် နှစ်ရက်, သုံးရက်မမြင်ရခြင်းကြောင့် ချစ်ခြင်းစိတ်ဖြင့် ပြောင်မ၏ကိုယ်ကိုလျက်နေ၏။ အဆိပ်မိ၍ သေဆုံးလေ၏။ နွားကျောင်းသားသည် ခြသေ့ံ၏ အရေတို့ကိုယူ၍ ဘုရားလောင်းထံသွား၏။ ထိုအခါ ဘုရားလောင်းက သူတစ်ပါးအပေါ်၌ စွဲလမ်းချစ်ခင်ခြင်း မပြုအပ်၊ သားတကာတို့၏ မင်းဖြစ်သော ခြသေ့ံပင်လျှင် အဆိပ်မိ၍ သေရသည်။ ဤသို့ ဘုရားလောင်းသည် တရားဟော၏။

## ဓာတ်ပေါင်းသော်

ဗာရာဏသီသူဌေးသည် ....ငါဘုရားဟုဓာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

# ၁၃။ သီရိနတ်သမီးဝတ္ထု

(ဆက္ကနိပါတ် ၃၂၈၊ သီရိကာဠကဏ္ဏိဇာတ်)




## ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၊ အနာထပိဏ်သူဌေးကိုအကြောင်းပြု၍ ဟောတော်မူ၏။ ထိုအနာထပိဏ်သူဌေးသည် သောတာပတ္တိဖိုလ်၌ တည်သောကာလမှစ၍ ပဉ္စသီလကိုမကျိုးမပေါက်စောင့်၏။ မယား၊

www.dhammadownload.com



သားသမီးတို့၊ အမှုလုပ်ကျွန်သော ခပ်သိမ်းသော သူတို့သည်လည်း စောင့်ကုန်၏။ ထိုအခါ တစ်နေ့၌ ရဟန်းတို့သည် "ငါ့ရှင်တို့ အနာထပိဏ်သူဌေးသည် စင်ကြယ်၏။ စင်ကြယ်သော အခြံအရံရှိသည်ဖြစ်၍ သွား၏" ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုတ မြတ်စွာဘုရားသည် "ရှေးပညာရှိတို့သည်လည်း စင်ကြယ်ကုန်သည်၊ စင်ကြယ်သောအခြံအရံရှိကုန်သည် ဖြစ်ကုန်ပြီ" ဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကို ဟောတော်မူ၏။)

## သီလရှိသူ

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်...... ဘုရားလောင်းသည် သူဌေးဖြစ်၍ အလှူပေး၏။ သီလ ဆောက်တည်၏။ ဥပုသ်ဆောက်တည်၏။ ထိုသူဌေး၏မယား၊ သားသမီး၊ ကျွန်အမှုလုပ်ယောကျ်ားတို့သည် ငါးပါးသီလကို စောင့်ကုန်၏။ ထိုသူဌေးသည် သုစိပရိဝါရသူဌေး ဟူ၍ ထင်ရှား၏။

ထိုသူဌေးသည် ငါ့ထက် သီလဖြင့်စင်ကြယ်သော တစ်စုံတစ်ယောက်သောသူသည် အကယ်၍လာလျှင် ငါ၏အိပ်ရာ၌ပေး၍မလျော်၊ မသုံးဆောင်ရသေးသော နေရာကို ငါပေးသင့်၏ဟု မိမိအိပ်ရာအားတစ်ဖက်၌ မသုံးသေးသော ထိုင်ရန်ပလ္လင်ကိုလည်းကောင်း၊ မသုံးသေးသော အိပ်ရာကို လည်းကောင်း ခင်းစေ၏။

## နတ်သမီးနှစ်ပါး အငြင်းပွား

ထိုအခါ စတုမဟာရာဇ်နတ်ပြည်မှ ဝိရူပက္ခနတ်မင်းကြီး၏ ကာဠကဏ္ဏီမည်သော၊ သမီးသည်လည်းကောင်း၊ ဓတရဋ္ဌနတ်

www.dhammadownload.com



မင်းကြီး၏သိရှိမည်သောသမီးသည်လည်းကောင်း နှစ်ယောက်ကုန်သော နတ်သမီးတို့သည် များစွာကုန်သော ပန်းတို့ကို ယူကုန်၍ အနဝတတ်အိုင်၌ ကစားအံ့ဟု အနဝတတ်အိုင်ဆိပ်သို့သွားကြ၏။

ထိုအနဝတတ်အိုင်၌ များစွာကုန်သော ရေဆိပ်တို့သည် ရှိကုန်၏။

ထိုဆိပ်တို့တွင် သဗ္ဗညုတမြတ်စွာဘုရားတို့၏ဆိပ်၌ သဗ္ဗညုမြတ်စွာဘုရားတို့သည်သာလျှင် ရေချိုးကုန်၏။

ပစ္စေကဗုဒ္ဓါတို့၏ဆိပ်၌ ပစ္စေကဗုဒ္ဓါတို့သည်သာလျှင် ရေချိုးကုန်၏။

ရဟန်းတို့၏ ဆိပ်၌ ရဟန်းတို့သာလျှင် ရေချိုးကုန်၏။

ရသေ့တို့၏ဆိပ်၌ ရသေ့တို့သာလျှင် ရေချိုးကုန်၏။

စတုမဟာရာဇ်အစရှိကုန်သော ကာမာဝစရ နတ်ပြည်ခြောက်ထပ်၌ နေကုန်သော နတ်သားတို့၏ဆိပ်၌ နတ်သားတို့သည် သာလျှင် ရေချိုးကုန်၏။

နတ်သမီးတို့ ဆိပ်၌ နတ်သမီးတို့သည်သာလျှင် ရေချိုးကုန်၏။

ထိုဆိပ်သို့လာလတ်၍ နတ်သမီးနှစ်ယောက်တို့သည် သူ အလျှင်ချိုးမည်၊ ငါအလျှင်ချိုးမည်ဟု ငြင်းကြ၏။

ကာဠကဏ္ဏိနတ်သမီးက "ငါသည် လောကကို စီရင်၏။ ထိုကြောင့် ငါသည် ရှေးဦးစွာ ရေချိုးခြင်းငှာ သင့်၏" ဟု ဆို၏။

www.dhammadownload.com



သီရိနတ်သမီးသည် "ငါသည် လူအများအား အစိုးရခြင်းကို ပေးတတ်သောအကျင့်၌ တည်၏။ ထို့ကြောင့် ငါသည် ရှေးဦးစွာ ရေချိုးအံ့သောငှာ သင့်၏" ဟုဆို၏။

နတ်သမီးတို့သည် နတ်မင်းကြီးလေးယောက်အထံသို့ သွား၍ "မည်သူက ရှေးဦးစွာ အနဝတတ်အိုင်၌ ရေချိုးခြင်းငှာ သင့်သနည်း"ဟု မေးကုန်၏။

ဓတရဋ္ဌနတ်မင်း၊ ဝိရူပက္ခနတ်မင်းတို့က "ငါတို့ ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်" ဟုဆိုလျှင် ဝိရူဠှကနတ်မင်း၊ ကုဝေရနတ်မင်းတို့ထံ သွားစေ၏။

ဝိရူဠှကနတ်မင်း၊ ကုဝေရနတ်မင်းတို့သည်လည်း "မတတ်နိုင်ကုန်။ သိကြားမင်းထံလွှတ်အံ့" ဟု သိကြားမင်းထံလွှတ်၏။

သိကြားမင်းသည် နတ်သမီးတို့၏ စကားကိုကြား၍ ဤနှစ်ယောက်ကုန်သော နတ်သမီးတို့၏ တရားကို ငါမဆုံးဖြတ်သင့်ဟု လမ်းညွှန်လိုက်၏။

"ဗာရာဏသီပြည်၌ သုစိပရိဝါရသူဌေးသည်ရှိ၏။ အိမ်၌ မသုံးဆောင်သေးသော နေ့ရာကိုခင်းထား၏။ အကြင်နတ်သမီးသည် ထိုအိမ်၌ ထိုင်ခွင့် အိပ်ခွင့်ရလျှင် ရေချိုးခြင်းငှာ သင့်သော သဘောရှိ၏" ဟုဆို၏။

ထိုစကားကိုကြား၍ ကာဠကဏ္ဏိနတ်သမီးသည် ထိုခဏ၌ လျှင် ညိုသော အဝတ်ကိုဝတ်၍ ညိုသော နံ့သာပျောင်းကို လိမ်း၍ ညိုသော ပတ္တမြားတန်ဆာကိုဆင်၍ နတ်ပြည်မှသက်၍ သန်းခေါင်ယံအတွင်း၌ သူဌေးပြသာဒ်၏ ထွက်ဝင်ရာတံခါး၌

www.dhammadownload.com



အိမ်ရာ၏ အနီးဖြစ်သောအရပ်၌ ညိုသောအရောင်ကို လွှတ်၍ ကောင်းကင်၌တည်၏။

သူဌေးသည် ကြည့်လတ်သော် ထိုနတ်သမီးကိုမြင်၏။ မြင်ကာမျှဖြင့်လျှင် ထိုနတ်သမီးအား မချစ်မနှစ်သက်ခြင်းသည် ဖြစ်၏။ သူဌေးသည် ထိုနတ်သမီးအား.......

"သင်သည်အသားမည်းမည်းဖြင့် ချစ်စရာကောင်းသောရုပ်ရည်ရှိ၏။ သင်ဘယ်သူလဲ၊ နာမည် ဘယ်လို ခေါ်သလဲ၊ ဘယ်သူ့ သမီးလဲ"ဟု မေး၏။

"သူဌေးကြီး၊ ကျွန်ုပ်သည် ဝိရူပက္ခ မဟာရာဇ် နတ်မင်း၏ ကြမ်းသော သမီးတည်း၊ ကျွန်ုပ်သည် သီလပညာ မရှိသော ကာဠီမည်သော နတ်သမီးတည်း၊ ကျွန်ုပ်ကို ကာလကဏ္ဏီ ဟူ၍ သိကုန်၏။ သူဌေးမင်း၏အထံ၌ နေလိုသဖြင့် နေခွင့်ကို ပေးပါရန် တောင်းပန်၏။

"ကာဠီနတ်သမီး၊ သင်သည် အဘယ်သီလ၊ အဘယ် အကျင့်ရှိသော ယောကျာ်းကို စိတ်ဝင်စားသနည်း"

ကာဠီနတ်သမီးက.........

"အကြင် ယောကျာ်းသည်
သူ့ကျေးဇူးကို ချေတတ်၏။
အပြိုင်ပြုတတ်၏။
အလွန်ကိုပြုစုတတ်၏။
ငြူစူတတ်၏။
ဝန်တိုတတ်၏။

www.dhammadownload.com



စဉ်းလဲတတ်၏။

ရအပ်သော သူတစ်ပါး၏စည်းစိမ်ကို ဖျက်ဆီးတတ်၏။

ထိုယောကျ်ားကို ငါသည် နှစ်သက်၏။

"အကြင်ယောကျ်ားသည် စိတ်ဆိုးတတ်၏"

ရန်ငြိုးလည်း ဖွဲ့တတ်၏။

ကုန်းတိုက်တတ်၏။

အဆွေခင်ပွန်းကိုလည်း ဖျက်တတ်၏။

ဒေါသရှိသော စကားကို ဆိုတတ်၏။

ကြမ်းကြုတ်၏။

ထိုယောကျ်ားကို အကျွန်ုပ်သည် ထိုရှေးဆိုအပ်ပြီးသော ယောကျ်ားထက် ပို၍ချစ်၏"

"အကြင်ယောကျ်ားသည်.......

ယနေ့လုပ်ရမည့်အလုပ် နက်ဖြန်မှ လုပ်ရမည့်အလုပ်ကို မသိ၊

ဆုံးမသွန်သင်၍ ဆုံးမလျှင် စိတ်ဆိုးတတ်၏။

မိမိထက် မြင့်မြတ်သောသူကို မထီမဲ့မြင် ပြုတတ်၏။

ကာမဂုဏ်တို့၌ မပြတ် မက်မောတတ်၏။

အပေါင်းအသင်းများခွာတတ်၏။ ထိုယောကျ်ားကိုချစ်၏။

ထိုအခါ နတ်သမီး၊ ကို ကဲ့ရဲ့လိုသည်ဖြစ်၍ ဘုရားလောင်းသည် ....

"ကာဠိနတ်သမီး သင်သည် ဤအရပ်မှ ဖဲလေလော့၊ ငါတို့၌ ဤကျေးဇူးချေခြင်း အစရှိသော အမှုသည်မရှိ၊ သင်သည် တစ်ပါးသော ဇနပုဒ်သို့ သွားလေလော့"

ကာဠကဏ္ဏိ နတ်သမီးသည် ရှက်လှ၍........

www.dhammadownload.com



"သူဌေးကြီး၊ ကျွန်ုပ်သည် သင်တို့၌ ထိုကျေးဇူးချေခြင်း အစရှိသော အမှုသည် မရှိဟူ၍ သိ၏။ သီလ, ပညာမရှိကုန်သော သူတို့သည် များစွာသော ဥစ္စာကို ပေါင်းစုကုန်၏။ ထိုဥစ္စာကို ကျွန်ုပ်သည် လည်းကောင်း၊ မောင်ဖြစ်သော ဒေဝ အမည်ရှိ နတ်သားသည် လည်းကောင်း မောင်နှမ နှစ်ယောက်တို့သည် ဖျက်ဆီးကုန်၏။

ဤသို့ဆို၍ ကွယ်လေ၏။

ထိုကာဠကဏ္ဏိနတ်သမီးကွယ်လျှင် သိရိနတ်သမီးသည် ရွှေသော အဆင်းရှိကုန်သောအဝတ် နံ့သာပျောင်းတို့နှင့် ရွှေသောအဆင်းရှိသော တန်ဆာဖြင့်လျှင် တန်ဆာဆင်လျက်သွား၍ ထွက်ဝင်ရာ တံခါး၌ ရွှေသော အရောင်ကိုလွှတ်လျက် ညီညွတ်သော ခြေတို့ဖြင့် ညီညွတ်စွာ မြေ၌တည်၍ ရိုသေခြင်းနှင့် တကွရပ်၏။ ထိုသိရိနတ်သမီးကိုမြင်၍ ဘုရားလောင်းသည်.....

"ရှင်မ၊ သင်သည် နတ်၌ဖြစ်သော အဆင်းဖြင့် မြေ၌ကောင်းစွာတည်၏။ သင်သည် အဘယ် အမည် ရှိသနည်း။ အဘယ်သူနည်း၊ အဘယ်သူ၏သမီးနည်း"

"သူဌေးကြီး၊ ကျွန်ုပ်သည် ပညာရှိသော ဓတရဋ္ဌအမည်ရှိသော မဟာရာဇ်နတ်မင်း၏သမီးတည်း၊ အကျွန်ုပ်သည် သိရိလည်းမည်၏။ (လက်ချမ်း)လည်း မည်၏။ အကျွန်ုပ်ကို မြေကြီးနှင့်ထပ်တူ ပညာရှိသော နတ်သမီးဟူ၍ သိကုန်၏။ သင်၏အထံ၌ နေလိုကုန်၏။ ကျွန်ုပ်အား နေခွင့်ကို ပေးပါရန် တောင်းပန်ပါ၏"

"လက္ခီမည်သော နတ်သမီး၊ သင်သည် အဘယ်သို့ သီလရှိသော အဘယ်သို့ အကျင့်ရှိသော ယောကျ်ား၌ စိတ်နှလုံးသက်ဝင်၍ နေသနည်း"

www.dhammadownload.com



ဘုရားလောင်း၏စကားကိုကြား၍ သီရိ နတ်သမီးသည်......

"အကြင်ယောကျ်ားသည် ချမ်းသည်၊ပူသည်ဖြစ်စေ၊ လေ နေပူရှိသည်ဖြစ်စေ၊ မှက်၊ခြင်၊မြွေ၊ကင်း၊သန်း ရှိသည်ဖြစ်စေ လုံ့လကိုမလျှော့၊ အကြင်ယောကျ်ားသည် အငတ်ခံ၍ ညဉ့်နေ့ပတ်လုံး မပြတ်လုံ့လပြု၏"

"အကြင်ယောကျ်ားသည် အခါ အခွင့်ကိုလည်း လက်မလွှတ်၊ ထိုယောကျ်ားကို နှစ်သက်၏။ ထိုယောကျ်ား၌ စိတ်ဝင်စား၍ နေပါသည်"

"အကြင်ယောကျ်ားသည် အမျက်မထွက်၊ စိတ်မဆိုးတတ်၊ အဆွေ ခင်ပွန်းကောင်းလည်းရှိ၏။ ပေးကမ်း စွန့်ကြဲ လှူဒါန်းခြင်းလည်းရှိ၏။ သီလနှင့်ပြည့်စုံ၏။ မစဉ်းလဲ မကောက်ကျစ်၊ ဖြောင့်စွာဖြစ်၏"

"ကူညီထောက်ပံ့ခြင်းကိုပြုတတ်၏။ ပြေပြစ်သိမ်မွေ့သော စကားကို ပြောလေ့ရှိ၏။ ကြီးမြတ်သော အဖြစ်သို့ရောက်သော်လည်း နှိမ့်ချ၏"

"သမုဒ္ဒရာတွင် မြင်ရသော အဆင့်ဆင့်သောလှိုင်းတံပိုးထင်သကဲ့သို့ ထိုယောကျ်ား၌ ပီတိအဟုန်ဖြင့် စိတ်ဝင်စားသည်ဖြစ်၏"

"အကြင်ယောကျ်ားသည်လည်း အဆွေခင်ပွန်းကိုဖြစ်စေ၊ အဆွေခင်ပွန်း မဟုတ်သောသူကိုဖြစ်စေ၊ မြတ်သောသူ၌ တန်းတူသူ၊ ယုတ်မာသူ၊ အကျိုးကိုကျင့်သောသူ၊ အကျိုးမဲ့ကို ကျင့်သောသူတို့ကို ရှေ့တွင်လည်းကောင်း၊ ကွယ်ရာတွင်လည်းကောင်း ထောက်ပံ့ကူညီမြဲ ဖြစ်၏"

"အကြင်ယောကျ်ားသည် အနည်းမျှလည်း ကြမ်းသော စကားကိုမဆို၊ သေသော်လည်းကောင်း၊ အသက်ရှင် သော်လည်းကောင်း ထိုသူ၏ အဆွေခင်ပွန်းသည် ဆိုခဲ့ပြီးသော

www.dhammadownload.com



ထိုယောကျ်ားတို့တွင်ဖြစ်၏။ နှစ်သက်ဖွယ်သောအသရေကိုရ၍ တစ်ပါးပါးသော ဂုဏ်ကျေးဇူးကိုပြည့်စုံစေ၏။ ထိုယောကျ်ား၏ အဆွေခင်ပွန်းဖြစ်၏"

"အကြင်ယောကျ်ားသည် ပညာနည်း၊ ကြမ်းကြုတ်သော မညီညွတ်သောအကျင့်တို့ကို ကျင့်သော ထိုယောကျ်ားကို ကျင်ကြီးစွန့်ရာ အရပ်ကဲ့သို့ ကျွန်ုပ်သည် စက်ဆုပ်စွာ ရှောင်ကြဉ်၏"

"သီလပညာကိုမိမိကိုယ်တိုင်သာပြု၏။ သီလပညာမရှိခြင်းကို မိမိကိုယ်တိုင်သာပြု၏။ မှန်၏။ တစ်ယောက်က တစ်ယောက်ကို လည်းကောင်း၊ သီလမဲ့ခြင်းကိုလည်းကောင်း မပြုနိုင်ပါ"

ဤသို့ဆိုသည့်ရှိသော် ဘုရားလောင်းသည် သိရိနတ်သမီး၏ စကားကို နှစ်သက်၍ "မသုံးဆောင်သေးသော ဤနေရာသည် သင့်အားသာလျှင် သင့်လျော်၏။ ထိုင်လော့၊ အိပ်လော့"ဟုဆို၏။ သိရိနတ်သမီးသည် ထို အိမ်ရာ၌နေ၍ မိုးသောက်သော ကာလ၌ထွက်၍ စတုမဟာရာဇ်နတ်ပြည်သို့သွား၍ အနဝတတ် အိုင်၌ ရှေးဦးစွာ ရေချိုးခြင်းကိုလည်းရ၏။

အိပ်ရာသည် သိရိနတ်သမီးသည် သုံးဆောင်သည်၏ အဖြစ် ကြောင့် သိရိသယနမည်၏။

ဤအနွယ်သည့် သိရိသယန၏ အနွယ်တည်း၊ ဤသို့သော အကြောင်းဖြင့် ယနေ့ထက်တိုင်အောင်လည်း သိရိသယနဟူ၍ ဆိုအပ်၏။

## ဇာတ်ပေါင်းသော်

သိရိနတ်သမီးသည်....ဥပ္ပလဝဏ်

သူဌေးသည်.....ငါဘုရား

ဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

## ၁၄။ လှည့်စားမှုအတန်တန် မိန်းမတို့ဉာဏ်

(သတ္တကနိပါတ် ၃၈၃။ ကုက္ကုဋဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်၊ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။)

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ ဘုရားလောင်းသည် ကြက်အမျိုး၌ဖြစ်၍ များစွာသော ကြက်အပေါင်း ခြံရံလျက် တောတွင်၌နေ၏။

အနီး၌ ကြောင်မတစ်ကောင်သည် ကြက်တို့ကို ဥပါယ်ဖြင့် လှည့်ပတ်၍စား၏။

ဘုရားလောင်းကြက်သာ ကျန်တော့သည်၊ ကြောင်မသည် "ဤကြက်သည်အလွန်ပါး၏။ ငါ၏ပရိယာယ်ကြွယ်ဝသည်ကို

www.dhammadownload.com



မသိသေး”ဟု ကြံ၍ ကြက်မင်းနေရာ သစ်ပင်အောက်သို့ လာ၍ မော့ကြည့်၍ “အလွန်ဆန်းကြယ်သော အတောင်တို့နှင့် နီသော ဦးစွန်းရှိသော ငှက် အောက်သို့ဆင်းခဲ့ပါ။ အခမဲ့ပင် သင်၏မယားအဖြစ်နေပါမည်” ဟုဆို၏။

ဘုရားလောင်းသည် ရိပ်မိ၍ “ကောင်းသော နှလုံးကိုမွေ့လျော်စေတတ်သော ကြောင်မ သင်သည် အခြေလေးချောင်းရှိ၏။ ငါသည် အခြေနှစ်ချောင်းရှိ၏။ သင်သည် ငှက်တို့နှင့် လင်မယားဖြစ်ခြင်းငှာမလျော်၊ အခြားသောလင်ကိုရှာလေတော့” ဟုဆို၏။ ကြောင်မသည် အလျှော့မပေး၊ ဆက်လက်၍ ဖြားယောင်းစကား ပြောနေသေးသည်။

ဘုရားလောင်းသည် ကြောင်မကို ကြိမ်းမောင်း၍–

“အကောင်ပုပ်ကိုစား၊ သွေးကိုသောက်လေ့ရှိပြီး ကြက်တို့ကိုသတ်တတ်သော သူခိုးမ။ သင်သည် ငါ့ကိုလင်မတော်လိုနှင့်” ပြောလေလျှင် ကြောင်မသည် ထွက်ပြေးသွားလေသည်။

မြတ်စွာဘုရားသည် ဆက်၍ဟောသည်ကား...

“ကြက်ကို သွေးဆောင်သော ကြောင်မကဲ့သို့ တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်သော မိန်းမတို့သည် ဥစ္စာ ကုံလုံသော ယောကျ်ားကို မြင်၍ သိမ်မွေ့နူးညံ့ကုန်သော စကားတို့ဖြင့် ဆွဲဆောင်ကုန်၏။

“ဖြစ်လာသောအေးကို ကြိုတင်မသိသောသူသည် ရန်သူ့နိုင်ငံသို့ လိုက်ရ၏။ နောင်မှလည်း ပူပန်ရ၏။

ဖြစ်လာမည့် အကျိုးကို ကြိုတင်သိသူသည် ကြောင်မ၏ မာယာမှလွတ်သော ကြက်မင်းကဲ့သို့ ရန်သူတို့သည် ဖြစ်စေအပ်သော ကျဉ်းမြောင်းခြင်းမှ လွတ်၏။

**ဇာတ်ပေါင်းသော်**

ကြက်မင်းသည် – ငါဘုရားဟု ဇာတ်တော်ကိုပေါင်း၏။

www.dhammadownload.com

## ၁၅။ ဟိုဘဝ ဟိုကိုယ်၊ သည်ဘဝ သည်ကိုယ်

(ဧကံနိပါတ် ၂၁၇။ အဿကဇာတ်)




ပစ္စုပ္ပန်ဝတ္ထု

(မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်- မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။)

www.dhammadownload.com



## အတိတ်ဇာတ်

ကာသိတိုင်း ပါဋလိမြို့၌ အဿကမင်းသည် စိုးစံစဉ်...... ထိုအဿကမင်းအား ဥပရီ အမည်ရှိသော၊ ချစ်မြတ်နိုးဖွယ်သော မိဖုရားရှိ၏။ ထိုဥပရီသည် အလွန်အဆင်းလှ၏။ ရှုချင်ဖွယ် ရှိ၏။ ကြည်နူးဖွယ်ရှိ၏။ လူမိန်းမ၏အဆင်းကို လွန်၏။ နတ်သမီး အဆင်းကို မမီတတ်၊ ထိုဥပရီမိဖုရားသည် သေ၏။

ထိုဥပရီမိဖုရားသေခြင်းကြောင့် အဿကမင်းသည် သောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ပင်ပန်းသည်ဖြစ်၏။ နှလုံးမသာသည်ဖြစ်၏။ ထိုအဿကမင်းသည် ထိုဥပရီမိဖုရား၏ အလောင်းကို ခေါင်းတလား၌ ထည့်စေ၍ ဆီနှစ်ကိုထည့်ပြီး ညောင်စောင်းအောက်၌ ထားကာ အစာ မစား၊ ရေမသောက်ဘဲ ငိုကြွေးလျက်သာ နေ၏။

မယ်တော်၊ ခမည်းတော်၊ အဆွေအမျိုး၊ အဆွေ ခင်ပွန်း၊ အမှုးအမတ်တို့သည် ဖျောင်းဖျသော်လည်း မရ၊ မီးသင်္ဂြိုဟ်ခွင့် မပေးဘဲ ခုနစ်ရက် ကြာသွား၏။

ထိုအခါ ဘုရားလောင်းသည် အဘိညာဉ်နှင့် သမာပတ်တို့ကိုရသော ရသေ့ဖြစ်၍ ဟိမဝန္တာမှ နေ၍ ဒိဗ္ဗစက္ခုဖြင့် ဇမ္ဗူဒိပ်ကို ကြည့်လတ်သည်ရှိသော် ထိုအဿကမင်း ငိုကြွေးလျက် နေသည်ကိုမြင်၍ ငါသည် ထိုအဿကမင်း၏ကိုးကွယ်ရာဖြစ်ခြင်းငှာ သင့်၏ဟု နှလုံးသွင်း၍ တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးဖြင့် မင်း၏ ဥယျာဉ်၌ ဆင်းသက်၍ မင်္ဂလာ ကျောက်ဖျာ၌ ရွှေဆင်းတုကဲ့သို့ နေ၏။

ထိုအခါ တစ်ယောက်သော ပါဋလိမြို့၌ နေသော ပုဏ္ဏားလုလင်သည် ဥယျာဉ်သို့ ရောက်လတ်သော် ဘုရားလောင်းကို မြင်၍ ရှိခိုး၍နေ၏။ ဘုရားလောင်းသည် ထိုပုဏ္ဏားလုလင်နှင့်

www.dhammadownload.com



စကားပြော၏။ "လုလင်၊ မင်းသည် တရားစောင့်ပါ၏လော" ဟုမေး၏။ "အရှင်ဘုရား၊ မင်းသည် တရားကားစောင့်၏။ ထိုမင်းသည် မိဖုရားသေ၍ အလောင်းကိုတလားငယ်၌ထည့်စေပြီး ငိုကြွေးလျက် နေသည်မှာ ခုနစ်ရက် ရှိလေပြီ၊ အရှင်ဘုရားတို့သည် မင်းကို ဤသို့သော ဆင်းရဲမှ အဘယ်ကြောင့် မလွတ်စေကုန်သနည်း၊ အရှင်ဘုရားတို့ကဲ့သို့သော သီလရှိကုန်သော အရှင်မြတ်တို့ရှိပါလျက် မင်းအား ဤဆင်းရဲဒုက္ခကို ခံသင့်သလော"ဟု ပုဏ္ဏားလုလင်သည်လျှောက်၏။ "လုလင်၊ ငါသည် မင်းကိုမသိ၊ ထိုမင်းသည် လာ၍ ငါ့ကိုမေးလျှင် ငါသည် ထိုမိဖုရား၏ ကူးပြောင်းရာဘဝကို မင်း၏ရှေ့၌ ထိုမိဖုရား ကိုယ်တိုင် စကားပြောစေအံ့"ဟု ဘုရားလောင်းသည်ဆို၏။

"အရှင်ဘုရား၊ ထိုသို့ဆိုလျှင် မင်းကို ပင့်ဆောင်ခဲ့ပါမည်၊ ဤအရပ်၌သာလျှင် နေပါကုန်လော့"ဟု ပုဏ္ဏားလုလင်သည် ဘုရားလောင်း၏ ဝန်ခံခြင်းကို ယူ၍ မင်း၏အထံသို့သွား၍ ထိုအကြောင်းကိုကြား၏။ "ဒိဗ္ဗစက္ခုရသော ရသေ့ထံသို့ သွားရန်သင့်၏"ဟု လျှောက်၏။

အသကမင်းသည် ဥပရီမိဖုရားကို မြင်ရမည်ဟူ၍ ကြားရပေ၏ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ရထားကိုစီး၍ ထိုဥယျာဉ်သို့သွား၍ ဘုရားလောင်းကိုရှိခိုး၍ သင့်တင့်လျှောက်ပတ်သော အရပ်၌နေလျက် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် မိဖုရား၏ ဖြစ်ရာဘဝကို သိကုန်၏ဟူ၍ အကျွန်ုပ်ကြားရသည်ကား မှန်သလော"ဟု မေး၏။ "မင်းမြတ်၊မှန်၏" ဟုဆိုသည်ရှိသော် "အရှင်ဘုရား၊ အဘယ် ဘဝ၌ ဖြစ်သနည်း"ဟု လျှောက်၏။

www.dhammadownload.com



"မင်းမြတ်၊ ထို ဥပရိမိဖုရားသည် အဆင်းမှာန့်ကြောင့် မေ့လျော့ခြင်းဖြင့် ကုသိုလ်ကောင်းမှု မပြုသဖြင့် ဥယျာဉ်၌ပင် နွားချေးပိုးမဖြစ်နေသည်"ဟု ဆို၏။ "အရှင်ဘုရား၊ အကျွန်ုပ်သည် မယုံ" ဟု ဆိုသည်ရှိသော် "မယုံလျှင် နွားချေးပိုးမကို သင် မင်းမြတ်အား ပြ၍ စကားဆိုစေအံ့" ဟုဆို၏။

"အရှင်ဘုရား....... ကောင်းပြီ၊ စကား ဆိုစေကုန်လော့"ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် မိမိ အာနုဘော် အားဖြင့်

"နွားချေးပိုး ဖို–မတို့သည် နွားချေးစိုင်ကို ဖောက်လျက် မင်း၏ရှေ့သို့ လာစေကုန်သတည်း"ဟု အဓိဋ္ဌာန်ပြု၏။

ထိုနှစ်ကောင်သော နွားချေးပိုးဖို–မတို့သည် ဘုရားလောင်း အဓိဋ္ဌာန်တိုင်းလျှင် လာကြ၏။ ဘုရားလောင်းသည် ထို နွားချေးပိုးမကိုပြလျက် "မင်းမြတ်၊ နွားချေးပိုးမသည် သင် မင်းမြတ်၏ ဥပရိမည်သော မိဖုရားတည်း။ သင့်ကိုစွန့်၍ နွားချေးဖို၏နောက်မှ တကောက်ကောက်လိုက်၏။ ထိုနွားချေးပိုးမကို ရှုကုန်လော့"ဟုဆို၏။

"အရှင်ဘုရား၊ ဥပရိမိဖုရားစစ်စစ်က နွားချေးပိုးမ ဖြစ်မည်ဟူ၍မယုံ" ဟုဆိုသည်ရှိသော် "မင်းမြတ်၊ ထိုနွားချေးပိုးမကို စကားဆိုစေအံ့" ဟုဆို၏။

ဘုရားလောင်းသည် မိမိအာနုဘော်အားဖြင့် ထိုနွားချေးပိုးမသည် ဆိုစေသတည်း– ဟုအဓိဋ္ဌာန်၍ "ဥပရိ"ဟုခေါ်၏။ နွားချေးပိုးမသည် လူဘာသာဖြင့် "အရှင်ဘုရား၊ အဘယ်ပြုအံ့နည်း"ဟုဆို၏။ "သင်သည် လွန်လေပြီးသော ဘဝ၌ အဘယ် အမည်ရှိသနည်း"ဟု ဆိုသည်ရှိသော် "အရှင်ဘုရား၊ အသသက မင်း၏ မိဖုရားကြီး ဖြစ်သော ဥပရိ အမည်ရှိ

www.dhammadownload.com



ဖြစ်၏” ဟုဆို၏။ “ယခုအခါ၌သင်သည် အဿကမင်းကိုတည်း ချစ်သလော၊ ထိုသို့မဟုတ်မူကား၊ နွားချေးပိုး ကိုတည်း ချစ်သလော”ဟု မေး၏။

“အရှင်ဘုရား၊ ထိုအဿကမင်းသည် ရှေးဘဝ၌ ကျွန်ုပ်၏ လင်ဖြစ်၏။ ထိုအခါ၌ ကျွန်ုပ်သည် ဤဥယျာဉ်၌ အဿကမင်းနှင့်တကွ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့ကို ခံစား လျက် သွားရ၏။ ယခုမူကား ဘဝဖုံးလွှမ်းခြင်း ဖြစ်သော ကာလမှစ၍ ထိုအဿကမင်းသည် ကျွန်ုပ်အားမည်သို့မျှ မတော် မစပ်တော့၊ ယခုမူ ကျွန်ုပ်သည် ဘဝတူသော ချေးပိုးထီးဖိုကို ပို၍ချစ်၏။ ယခုအခါ ကျွန်ုပ်သည် အဿကမင်းကို သတ်၍ ထို အဿကမင်း၏ လည်ချောင်းသွေးဖြင့် အကျွန်ုပ်၏ လင်ဖြစ် သော နွားချေးပိုးဖို၏ ခြေတို့ကိုလိမ်းချင်၏” ဟုဆို၏။

ထိုစကားကိုကြား၍ အဿကမင်းသည် နှလုံးမသာသည် ဖြစ်ပြီး ထိုအရပ်၌ပင် မိဖုရား၏ အကောင်ပုပ်ကို မိးရှို့စေပြီး ဦးခေါင်းလျှော်၍ ဘုရားလောင်းကို ရှိခိုး၍ မြို့သို့ဝင်၍ တစ်ပါး သော မိန်းမကို မိဖုရားကြီးအရာ၌ထား၍ တရားသဖြင့် မင်း အဖြစ်ကို ပြု၏။ ဘုရားလောင်း သည်လည်း မင်းကို ဆုံးမ၍ သောကမရှိတော့မှ ဟိမဝန္တာသို့ ပြန်ကြွသွား၏။

**ဇာတ်ပေါင်းသော်**

| | |
|---|---|
| ဥပရီသည် | -မယားဟောင်း |
| အဿကမင်းသည် | -ငြီးငွေ့သော ရဟန်း |
| ပုဏ္ဏားလုလင်သည် | -ရှင်သာရိပုတ္တရာ |
| ရသေ့သည် | -ငါဘုရား |

ဟု ဇာတ်တော်ကို ပေါင်း၏။

....... ၀ .......

www.dhammadownload.com

# (၁၆) ဝတ်ကြောင်ကို ဖွတ်ရှောင်ရှိန်းသည့်ဝတ္ထု

(သတ္တကနိပါတ် ၄၁၁။ သုသီမဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်– မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ အတိတ်ဇာတ်ကိုဆောင်၍ ဟောတော်မူသည်ကား.......

## အတိတ်ဇာတ်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း စိုးစံစဉ်၊ ဘုရားလောင်းသည် ထိုမင်းကြီး ပုရောဟိတ်၏သား၊ သုသီမ သတို့သား ဟု ခေါ်တွင်၏။

ထိုနေ့၌ပင် မိဖုရားကြီးမှာလည်း သားတစ်ယောက်ဖွားမြင်သည်။ ဗြဟ္မဒတ္တ သတို့သားဟု မှည့်ခေါ်၏။

မင်းကြီးသည် သားတော်နှင့် တစ်နေ့တည်း ဖွားသော ပုရောဟိတ်၏သား သုသီမကို နို့ထိန်းတို့ထံတွင် အတူနေစေ၏။ အထိန်းတော်၊ အချီတော်တို့ထံတွင်လည်း အတူတူပင်နေစေ၏။ သတို့သား နှစ်ယောက်မှာ အလွန့်လှပသော အဆင်းတို့ဖြင့် အလွန်တင့်တယ်ကြကုန်၏။

သတို့သားနှစ်ဦးတို့သည် ကစားအတူ၊ သွားအတူ၊ လာအတူ ဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင် ကြင်နာကြ၏။

တက္ကသိုလ်ပညာများကိုလည်း အတူသွားသင်ကြပြီး အပြန်ခရီးတွင်လည်း အတူတူပင် ပြန်ခဲ့ကြလေသည်။

ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံလျှင် သားတော် ဗြဟ္မဒတ္တမင်းသား နန်းမွေဆက်ခံရ၏။ ပုရောဟိတ်၏သား သုသီမကို ပုရောဟိတ်အရာ၌ပင် ထား၏။ မင်းဖြစ်သည့်တိုင် သူငယ်ချင်း သုသီမနှင့် အတူစား၊ အတူနေပင် ဖြစ်သည်။

www.dhammadownload.com



## မြို့တော်တစ်ခွင် အဆန်းဆင်

တစ်နေ့သ၌ ဗြဟ္မဒတ္တမင်းသည် မင်းပျိုမင်းလွင် ဖြစ်သည့် အတိုင်း မြို့တော် တခွင်လုံးရှိ လမ်းများ၊ နေအိမ်တိုက်တာ များကို မှုခ်ဦးများနှင့်တကွ အလှအပ တန်ဆာဆင်စေ၏။

နောက်တစ်နေ့တွင် ,မင်္ဂလာဆင်တော်၌ သူငယ်ချင်း ဖွား ဖက်တော် သုသိမကို နောက်ကစီးစေပြီး မြို့ကိုလက်ယာရစ် လှည့်လည်ကြည့်ရှု၏။

## ချစ်တဲ့စိတ်ဟာဆန်းကြယ်

မင်း၏မယ်တော် မိဖုရားကြီးသည် နန်းလေသာပြတင်းမှ သားတော်ကိုကြည့်ရှုရင်း ဆင်နောက်ကပုရောဟိတ် သုသိမ၏ ကျက်သရေရှိလှသော မျက်နှာကို မြင်လိုက်သည်နှင့် အလွန် တိမ်းညွတ်သောစိတ်ဖြင့် မစားနိုင်မအိပ်နိုင်ဖြစ်၏။ ဖွင့်ပြောရမှာ လည်း ရှက်လွန်းလှ၍ အသေခံတော့မည်ဟု ခန်းဆောင် တွင် ဝင်ကာ အာစာအဟာရကို လုံးဝဖြတ်ပြီး အိပ်၍သာ နေလေတော့သည်။

## မိန်းမအချင်းချင်း မချန်ခြင်း

ထိုအခါသားတော်သည် သူ၏မိဖုရားကို မိန်းမတို့အချင်း ချင်း လျှို့ဝှက်ရာမချန်ဘဲ ပြောမည်ဟုသိ၍ ပရိယာယ်ဖြင့်မေး စေ၏။ မင်းမိဖုရားသည် ယောက္ခမ မယ်တော်ထံသွား၍ ခြေဆုပ် လက်နယ်ပြုပြီး အကျိုးအကြောင်း မေးမြန်းသည်။ ထိုအခါ မယ်တော် မိဖုရားကြီးက ချွေးမတော်အား ဖွင့်ပြောပြ၏။

မိဖုရားလျှောက်ထားသဖြင့် အကြောင်းစုံသိရသော်သုသိမ ပုရောဟိတ်အား မင်းမြှောက်၍ မယ်တော်အား မိဖုရားအရာ ပြုစေမည်ဟု နှစ်သိမ့်စေ၏။

www.dhammadownload.com



## မလျော်ကန်ပါ တောင်းပန်ရှာ

ဗြဟ္မဒတ္တမင်းသည် သုသီမပုရောဟိတ်ကို ခေါ်စေပြီး........

"အဆွေ......ငါ့မိခင်၏ အသက်ကိုကယ်ပါ၊ အဆွေကို မင်းမြှောက်မည်။ ငါ၏မယ်တော်ကို မိဖုရားကြီးမြှောက်၍ ငါက အိမ်ရှေ့မင်းအဖြစ် နေမည်"ဟု ပြောဆိုလေသည်။

ထိုအခါ သုသီမက ဘယ်နည်းနှင့်မှ မဖြစ်နိုင်၊ မလျော်ကန်နိုင်ကြောင်း ငြင်းပယ်၏။ တောင်ပန်သူကလည်း အခါခါ တောင်းပန်၏။ ငြင်းပယ်သူကလည်း အကြိမ်ကြိမ်ငြင်းပယ်၏။ နောက်ဆုံးတွင် သုသီမက လက်မြှောက်၍ ဝန်ခံလိုက်ရလေသည်။

မင်းကြီးသည် ပုရောဟိတ်ကို မင်းမြှောက်၍ မိမိမှုကား အိမ်ရှေ့မင်းအဖြစ် ခံယူလိုက်၏။

## ပါရမီတော်ခံ ရင့်သန်သူ

ပုရောဟိတ်သုသီမသည် မင်းအဖြစ် စည်းစိမ်ခံစားနေရသော်လည်း အာရုံငါးပါးကာမဂုဏ်တရားတို့ကို ငြီးငွေ့လှသဖြင့် တောထွက်၍ ရသေ့ရဟန်းပြုရန်သာ စိတ်တော် ညွတ်ကိုင်းလျက် ရှိသည်။ မိဖုရားကြီးနှင့် မပျော်ပိုက်ဘဲ တစ်ယောက်တည်းသာ နေသည်။ နန်းတော်ကြီးကိုပင် နှောင်အိမ်ကြီးဟု ထင်လာ၏။ နှောင်အိမ်၌ နေရသော ငှက်ကဲ့သို့ စိတ်တို့မှာ ကျပ်တည်း ကျဉ်းမြောင်းနေ၏။

## မိဖုရားကြီး၏ လှည့်ကွက်

ထိုအခါ မိဖုရားကြီးသည် ဤမင်းငယ်ကား နုပျိုသေး၏။ ငါနှင့်မမွေ့လျော်ဘဲ တစ်ယောက်တည်းသာ နေ့လေ့ရှိ၏။

www.dhammadownload.com



ငါကား အရွယ်အို၍ ဆံပင်တို့သည် ဖြူကုန်၏။ ငါ့ခေါင်းမှ ဆံပင်ဖြူနုတ်ပြီး သူ့ခေါင်းမှ ဆံပင်ဟုပြောလျှင် သူလည်းအသက်ရင့်ပြီဟု ထင်စေကာ မွေ့လျော်မည်ဟု ကြံစည်၏။

တစ်နေ့တွင် သုသီမခေါင်းတွင်သန်းရှာဟန်ပြု၍ ဆံပင်နက်တစ်ချောင်းကို နုတ်ယူပြီး မိမိဆံပင်ကိုပြ၍ အသက်အရွယ်တူနီးပါးဖြစ်ပြီဟုပြော၏။

## မင်းကြီး၏သံဝေဂ

မင်းကြီးသည် ဆံပင်ဖြူ လက်ထဲရောက်ခါမှ ချွေးသီးချွေးပေါက်များ နဖူးပြင်မှ လျှောကျလာ၏။ ဆံပင်ဖြူကို လက်ဝါးပေါ်တင်၍-

"အို....သုသီမ.....ရှေးအခါက ငါ၏ ဆံပင်တို့သည် မည်းနက်သော အဆင်းရှိကုန်၏။ ယခုမူ ဖြူကုန်ပါပကော၊ အကျင့်ကို ကျင့်ရန် အချိန်တန်ပြီ"ဟု မိမိကိုယ်ကိုတိုက်တွန်းနှိုးဆော်ကာ မြတ်သောအကျင့်၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးပြောဆိုလေ၏။

## မိဖုရားဆင်ကွက်လွဲချက်ပေါ်

မိဖုရားကြီးမှာ ဆံဖြူပြင်ကိုပြလိုက်လျှင် သူနှင့်အရွယ်တူလေသည်ဟုထင်ကာ ကြည်ဖြူစွာမွေ့ပျော်လိမ့်မည်ဟု အကွက်ဆင်ခဲ့သော်လည်း သူဆင်သည့်အကွက်မပေါ်တော့ပါ၊ သံဝေညွတ်ပြီး ရသေ့ဝတ်၍ တရားကျင့်ရန်သာ အာရုံစူးစိုက်၍နေပေတော့၏။ ထိုကြောင့် မိဖုရားကြီးက သံဝေစိတ် ပျောက်ပြီး အာရုံတစ်မျိုးရောက်ရန် ကြိုးစားပြန်သည်။

www.dhammadownload.com



"အရှင်မင်းကြီး၊ ဤဆံပင်ဖြူကား အကျွန်ုပ်၏ဦးခေါင်းမှ ဆံဖြူဖြစ်ပါ၏။ မင်းကြီး၏ဆံဖြူမဟုတ်ပါ၊ အကျွန်ုပ်မှသား ဆိုမိပါ၏။ သည်းခံတော်မူပါ"

"အရှင်မင်းကြီး....ပေါက်ထွက်စ အသျှောင့်သည် ရှုချင်စဖွယ်ရှိသကဲ့သို့ အရှင်မင်းကြီးသည်လည်း နုပျို၍ ရှုချင်စဖွယ်ရှိပါ၏။ မင်းအဖြစ်ကိုလည်း ပြုတော်မူပါ၊ အကျွန်ုပ်ကိုလည်း ကြည့်ရှုတော်မူပါ၊ နောင်ဘဝမှအကျိုးရှိမည့်ရဟန်းအဖြစ်ကို မပြုပါလင့်" ဟု မင်းကြီးအား နုပျိုလန်းဆန်းသည့် အရွယ်ဖြစ်ကြောင်း ချီးကျူး၍ ရဟန်းမပြုရန် တောင်းပန်လေ၏။

မင်းကြီးသည် မိဖုရားကြီးအား "မိဖုရားကြီး....ငါ့အား ရှုချင့်စဖွယ် တင့်တယ်သော အစို့အသျှောင့်ကဲ့သို့ ထင်သော်လည်း အိုမင်းလာသောအခါ ငါ၏ဆံတို့ကား ပိုက်ဆံလျှော်ကဲ့သို့ ဖွေးဖွေးဖြူရမည်မှာမလွဲပါ၊ သူငယ်တို့၏လည်းကောင်း၊ လှပသော မိန်းကလေးတို့၏ လည်းကောင်း အဆင်းမှန်သမျှ ပျက်စီးရမည်ကိုသာ ငါမြင်နေ၏။

"မိဖုရားကြီး...ငါ့အား အချိုးအစားပြေပြစ်သောအမျိုးသမီးကိုမြင်ရ၏။ လေပြည်လေအေး တိုက်ခတ်၍ လှုပ်ရှားသော သန္တာမည်းကဲ့သို့သော ထိုမိန်းမတို့၏ ဆံပင်တို့သည် ယောကျ်ားတို့၌ ကိလေသာ၏အရှယ်ဖြင့်ဖြားယောင်းသကဲ့သို့ဖြစ်၏။ ငါ့စိတ်တွင်းမှ ထိုမိန်းမတို့ကို အသက်ရှစ်ဆယ်၊ ကိုးဆယ်ရွယ်ရှိသော တောင်ဝှေးလက်စွဲ၍ ယိမ်းယိုင် ကုန်းကွနေသည်ဟု ငါမြင်၏။

"မိဖုရားကြီး.....ငါကား လောကီအာရုံကာမဂုဏ်၌ မပျော်မွေ့တော့ပါ၊ မိန်းမတို့အပေါ် ချစ်ခင်ဖွယ်–မချစ်ခင်ဖွယ်တို့ကို

www.dhammadownload.com



အပြစ်မြင်၍ တစ်ယောက်တည်းသာအိပ်ရာထက်၌ရှုမှားပါ၏။ လောကီကာမဂုဏ်အားလုံးတို့ကား နှောင်ကြိုးနှင့် တူကုန်၏။ ရှေးပညာရှိတို့သည် ထိုနှောင်ကြိုးတို့ကို စွန့်ပယ်သကဲ့သို့ ငါလည်း စွန့်ပယ်၍ ရသေ့ရဟန်းပြုတော့အံ့”ဟု မိဖုရားကြီးအား ပြောကြား၏။

ထိုနောက် သုသီမမင်းသည် သူငယ်ချင်းဗြဟ္မဒတ္တကိုခေါ်၍ “အဆွေ....အဆွေသည် မင်းအဖြစ်ကိုပြန်လည်၍ လက်ခံပါတော့” ဟု ပြောပြီး အခြံအရံတို့နှင့်တကွ ဆွေမျိုးများငိုကြွေးနေစဉ်မှာပင် ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေပြီး သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လား၏။

## ဇာတ်ပေါင်းသော်

မိဖုရားကြီး - ရာဟုလာမယ်တော်
ဗြဟ္မဒတ်မင်းသည် - အာနန္ဒာ
သုသီမမင်းကြီးသည် - ငါဘုရားဖြစ်လာ၏။

ဟုဇာတ်တော်ကို ပေါင်း၏။

www.dhammadownload.com

# ၁၇။ ဝေးရာကိုပြေးပါတော့မည်

(နဝကနိပါတ် ၄၃၁-ဟရိတစဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်းကျောင်း၌ သီတင်းသုံးစဉ်-လှပစွာ ပြင်ဆင်ထားသည့် မိန်းမလှတစ်ယောက်ကို မြင်၍ စွဲလမ်းသောရဟန်းတစ်ပါးကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်ကား-၊

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်.....

ဘုရားအလောင်းတော်သည် နိဂုံးရွာတွင် ကုဋေရှစ်ဆယ် ကြွယ်ဝသော အမျိုး၌ဖြစ်၏။ ရွှေအဆင်းနှင့်တူသော အဆင်း ရှိ၍ "ဟရိတစ" အမည်ရ၏။ တက္ကသိုလ်တွင် ပညာသင်ကြား ပြီးနောက် မိဘများက ပစ္စည်းများ လွှဲအပ်ပေး၏။ မကြာမီ မိဘနှစ်ပါး ကွယ်လွန်သွားကြ၏။

ဟရိတစသည် ဥစ္စာပုံကြီးကိုကြည့်၍......

ဤပစ္စည်းပုံကြီးသာ ကျန်တော့သည်။

ရှာဖွေစုဆောင်းခဲ့ကြသော ဥစ္စာရှင်များ မရှိကြတော့။

ငါသည်လည်း သေမင်းခံတွင်းသို့ ရောက်ရမည်သာတည်း ဟု သံဝေဂဖြစ်၍ သေဘေးမှကြောက်သဖြင့် ရှိရှိသမျှ ပေးလှူ စွန့်ကြဲပြီးလျှင် ဟိမဝန္တာသို့ဝင်၍အားထုတ်ရာ ဈာန်အဘိညာဉ် ကိုရလေသည်။

## ဗြဟ္မဒတ်မင်းပင့်လျှောက်ခြင်း

ဘုရားလောင်းရသေ့သည် သစ်ဥ သစ်ဖု တို့ကိုသာ သုံး ဆောင်မှီဝဲနေရပြီး ချဉ်ဆားမှီဝဲအံ့သောငှာ ဗာရာဏသီမြို့တွင်း သို့ကြွသွား၏။

www.dhammadownload.com



ဗြဟ္မဒတ်မင်းကြီးသည် ဘုရားလောင်း ရသေ့၏ ဣန္ဒြေ သိက္ခာ ရင့်ကျက်သည်တို့ကို ဖူးမြော်ရ၍ လွန်စွာကြည်ညိုပြီး နန်းတော်သို့ပင့်၍ ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြုစု၏။

မင်းကြီးက ဘုရားလောင်းရသေ့အား နေ့စဉ် နန်းတော် သို့ ကြွရောက် ဘုဉ်းပေးရန် လျှောက်ထား၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတိုကို လိုလေသေးမရှိ တာဝန်ယူပါမည်ဟု လျှောက်ထား၏။ ဘုရားလောင်းရသေ့ လည်း ဆိတ်ဆိတ်နေ၍ ခွင့်ပြု၏။

မင်းကြီးသည် သူ့ဉယျာဉ်တော်ထဲတွင် ကျောင်းသင်္ခမ်း ဆောက်လုပ်၍လှူဒါန်း၏။ ရသေ့သည် နေ့စဉ်ပင် နန်းတော် သို့ ကြွရောက်၍ ဆွမ်းဘုဉ်းပေးလေသည်။

တစ်နေ့တွင် သူခိုးဓားပြများ ထကြွသောင်းကျန်း၍ မင်း ကြီးကိုယ်တိုင် ဦးစီးကွပ်ကဲကာ သွားရောက် နှိမ်နင်းရ၏။ ဘုရားလောင်း ရသေ့အား ပြုစုစောင့်ရှောက်ရန် မိဖုရားကြီး အား မှာကြားခဲ့၏။ မိဖုရားကြီးသည် မင်းကြီးမှာကြားသည့် အတိုင်း နေ့စဉ်ပင် ဆွမ်းဘောဇဉ်ကို စီစဉ်ကပ်လှူ၏။

တစ်နေ့တွင် မိဖုရားကြီးသည် ဆွမ်းဘောဇဉ်တို့ကို ကောင်း မွန်စွာစီရင်ပြီး ရေမိုးချိုး၊ နံ့သာပျောင်းလိမ်းကျံ၊ ကောင်းမွန် သောအဝတ်များ ဝတ်ဆင်ကာ ညောင်စောင်းပေါ်အိပ်နေ၏။

ဘုရားလောင်းရသေ့သည် ဆွမ်းစားချိန်ရောက်၍ ကောင်း ကင် ခရီးဖြင့် နန်းတော်သို့ကြွ၏။

မိဖုရားကြီးသည် ရသေ့၏ လျှော်တေ သင်္ကန်းသံကြား၍ ညောင်စောင်းထက်မှ ရုတ်တရက် ထ,လိုက်ရာ နူးညံ့ပြေပြစ် သော ကိုယ်ဝတ်သည် ကျွတ်ကျသွား၏။

www.dhammadownload.com



ဘုရားလောင်း ရသေ့သည် မိဖုရားကြီး၏။ ဝိသဘာဂ အာရုံကိုမြင်လိုက်ရာ အစဉ်ကိန်းခဲ့သည် အတွင်း အနုသယ ကိလေသာတို့သည် ထကြွလှုပ်ရှားလာပြီး သတိကိုဖြစ်စေခြင်း ငှာ မတတ်နိုင်ဘဲ မိဖုရားကြီး၏လက်ကို ဆွဲကိုင်ကာ အတွင်း ခန်းသို့ဝင်၍ မိဖုရားကြီးနှင့် မှားတော့သည်။

မိဖုရားကြီးသည် ဆွမ်းကိစ္စကို အမြန်စီစဉ်ဆောင်ရွက်၏။ ရသေ့သည် ဈာန်အဘိညာဉ်များလျော့ကျကာ ဆွမ်းဘုဉ်းပေး ပြီး ဥယျာဉ်တော်သို့ ပြန်လေ၏။ နေ့စဉ်ပင် ဆွမ်းစားကြွ ရင်း မိဖုရားနှင့်မှားမြဲမှား၏။ ထိုအကြောင်းသည် နန်းတော် တစ်ခုလုံးပျံ့နှံ့၏။ မှူးမတ်များက မင်းပြန်လာလျှင် လျှောက် ထားကြ၏။

မင်းကြီးသည် မိဖုရားကြီးအား တိုက်ရိုက်မေး၏။ မိဖုရား ကြီးက ဟုတ်မှန်ကြောင်း ဝန်ခံ၏။ မင်းကြီးက မယုံနိုင်၊ မင်း ကြီးလည်း ဥယျာဉ်တော်ရှိ ရသေ့ကျောင်းသို့ ရောက်ပြီး လျှောက်ပတ်သောနေရာ၌ နေပြီ........

"ဗြဟ္မာကြီးသဖွယ် ကျွန်ုပ်ရလှသော အရှင်ဘုရား........သင် ဟာရိတစ္စရသေ့သည် စင်ကြယ်စွာ နေပါ၏လော၊ ကာမဂုဏ် တို့ကို ခံစား၏ဟူသော စကားကို အကျွန်ုပ်ကြားအပ်ပါ၏။ ထိုစကား မှန်ပါသလော"

ဟု ရသေ့အား တိုက်ရိုက် လျှောက်ထားမေးမြန်း၏။

ထိုအခါ ဟာရိတစ္စရသေ့သည် စဉ်းစား၏။ ငါကာမဂုဏ်ကို မခံစားပါဟု ပြောလျှင် ဤမင်းသည် ငါ့အပေါ်ကြည်ညိုစိတ် တို့ဖြင့် ယုံကြည်မည်။ သို့သော်လည်း လောက၌ သစ္စာ အမှန်စကားသည် အရေးကြီး၏။ သစ္စာနှင့်တူသော ကိုးကွယ် ရာမရှိ၊ သစ္စာကို စွန့်သောသူတို့သည် ဗောဓိပင်ရင်း၌ နေသော်

www.dhammadownload.com



လည်း ဘုရားမဖြစ်နိုင်။ ငါ မှန်သောစကားကိုသာ ပြောဆိုမည်ဟု စဉ်းစားကြံစည်၏။

"မြတ်သောမင်းကြီး၊ သင်မင်းကြီး ကြားအပ်သောစကားသည် ကြားတိုင်းမသွေမှန်ပေ၏။ ငါသည် မိုက်စေတတ်သော ကာမဂုဏ်တို့၌ မက်မော၍ ခရီးမှား၍ သွားမိချေပြီ"

ဟု ဘုရားအလောင်းက အမှန်အတိုင်းဝန်ခံပြောဆိုလေ၏။

မင်းကြီးသည် ရသေ့၏စကားကိုကြားလျှင်.....

"အရှင်ဘုရားသည် ဖြစ်ပေါ်လာသော ရာဂစိတ်ကို ပညာဖြင့် အဘယ်ကြောင့် မထိန်းသိမ်းနိုင်ရသနည်း။ ဤသို့ မထိန်းနိုင်လျှင် ကောင်းသောအကျိုးကို ကြံစည်တတ်သော ပညာကား အဘယ်အကျိုးရှိတော့မည်နည်း"

ဟု မင်းကြီးက ရသေ့အားလျှောက်ထားပြန်၏။

"မြတ်သောမင်းကြီး၊ လောက၌ ရာဂ၊ ဒေါသ၊ မာန၊ မောဟ၊ ဤလေးပါးသော တရားတို့သည် အလွန်အားကြီးကုန်၏။ ပြင်းထန်ကုန်၏။ ထိုတရား လေးပါး၌ ပညာဉာဏ်သည် ဆောက်တည်ရာ မရနိုင်"

ဟု ပညာဉာဏ် မဖြစ်နိုင်ခြင်းအကြောင်း ပြောကြား၏။

မင်းကြီးက ထပ်၍ မေးလျှောက်ပြန်သည်မှာ-

"အရှင်ဘုရား.....အရှင်ဘုရားသည် ပစ္စည်းလေးပါးကို ခံထိုက်၏။ သီလနှင့်ပြည့်စုံ၏။ စင်ကြယ်စွာကျင့်၏။ ကိလေသာကို ဖျက်ဆီးတတ်သောပညာရှိ၏။ အကျိုးအကြောင်း သိသောပညာလည်းရှိ၏ဟု အရှင်ဘုရားကို ယုံကြည်အပ်ပါ၏"

ဟု ရသေ့၏ဂုဏ်ကိုချီးကျူး၍ လျှောက်၏။

ဘုရားလောင်းရသေ့က "မြတ်သောမင်းကြီး ယုတ်မာသဖြင့် တင့်တယ်သောအာရုံဟု ယူဆသည့် ရာဂနှင့် စပ်သည့်

www.dhammadownload.com



ဝိပါက်တို့သည် တရားခြံမွေ့လျော်သော ပညာရှိတို့အား ညှဉ်းဆဲကုန်၏။

ဟု ညှဉ်းဆဲတတ်သောတရားကို ညွှန်ပြ၏။

မင်းကြီးသည် ရသေ့အားထပ်မံ၍......

"အရှင်ဘုရား.....အရှင်ဘုရားအား ကိုယ်မှဖြစ်သောအဆင်းကြောင့် ဤရာဂတရားသည် ဖြစ်ပေါ်လာ၏။ ထိုရာဂတရားကို အရှင်ဘုရားသည် ပယ်ပါလော့၊ အရှင်ဘုရားအား ကောင်းခြင်း မင်္ဂလာ ဖြစ်ပါစေ၊ အရှင်ဘုရားကို လူအပေါင်းတို့က ပညာရှိဟု သမုတ်အပ်ပါ၏"

ဟု ရာဂကို စွန့်ပယ်ရန် လျှောက်ထား၏။

ထိုအခါ ဘုရားလောင်းရသေ့သည် သတိသံဝေဂပြန်လည်ရရှိရာ မင်းကြီးအား–

"မြတ်သောမင်းကြီး၊ ကန်းအောင် ပြုလုပ်တတ်၍ ဆင်းရဲပေါင်းများစွာရှိပြီး အဆိပ်ပြန့်သော ကာမဂုဏ်တို့ကို စွန့်ပယ်ပါတော့အံ့၊ ထိုကာမဂုဏ်တို့၏ မသင့်မတင့် နှလုံးသွင်းခြင်းဟူသော အရင်းအမြစ်ကိုလည်း ရှာဖွေပါတော့အံ့၊ အနှောင်အဖွဲ့နှင့်တကွဖြစ်သော ရာဂတရားကို ဖြတ်ပယ်ပါတော့မည်"

ဟုကာမဂုဏ်တို့၏အပြစ်ကို သတိရကာ ဝန်ခံကတိပေး၏။ ရသေ့သည် မင်းကြီးနှင့်ပြောဆိုရင်းမှ ကျောင်းခန်းတွင်းသို့ ဝင်၍ ကသိုဏ်းဝန်းကို ဆင်ခြင် ရှုပွားသော် ကွယ်ပျောက်သွားသည့်ဈာန်အဘိညာဉ်တို့သည် ပြန်လည်၍ပေါ်လာကုန်၏။

ဘုရားလောင်းရသေ့သည် မင်းကြီးအား နှုတ်ဆက်လို၍ ကျောင်းအပြင်ထွက်ကာ "မင်းကြီး....ငါအား ခွင့်ပြုဦးလော့"

ဟု နှုတ်ဆက်၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေလျက်–

www.dhammadownload.com



"မြတ်သော မင်းကြီး၊ ငါသည် မနေအပ်သော နေရာ၌ နေမိ၍ ယခုကဲ့သို့ လူတို့အကဲ့ရဲ့ခံခဲ့ရ၏။ သင် မင်းကြီးတို့လည်း ကုသိုလ်ကောင်းမှုတို့ကို မမေ့ကြနှင့်၊ ငါကား မိန်းမတို့နှင့် ဝေးသော တောအရပ်သို့ သွားတော့မည်" ဟု ပြောဆိုဆုံးမ၍ ကြွလေ၏။

မင်းကြီးကား ငိုယိုပြီး မကြွရန် တားလျက် ကျန်ရစ်ခဲ့၏။ ဘုရားလောင်း ရသေ့သည် ဟိမဝန္တာ၌ မယုတ်သော ဈာန် အဘိညာဉ်ရှိသည် ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားလေ၏။

**ဇာတ်ပေါင်းသော်**

ဗာရာဏသီမင်းသည် - အာနန္ဒာ၊
ဟရိတစရသေ့သည် - ငါဘုရားဖြစ်လာ၏။
ဟု ဇာတ်တော်ကို ပေါင်း၏။

..... o .....

## ၁၈။ မိန်းမကြောင့် စိတ်ညစ်မနေနှင့် ဝတ္ထု

(ကေနိပါတ် ၆၅၊ အနဘိရတိဇာတ်)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်၊ ဥပုသ်သည် တစ်ဦးသည် မိန်းမ၏ ဖောက်ပြန်မှုကိုသိ၍ ဒေါသထွက်နေသဖြင့် ကျောင်းသို့ခုနစ်ရက်၊ ရှစ်ရက် မလာ ရောက်သည်ကို မေးတော်မူရာမှ မိန်းမတို့အတွက် အနှောင့်အယှက်(အနဘိရတိ) မဖြစ်စေရန် ဟောကြားတော်မူသည်။

**အတိတ်ဇာတ်**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်.......

ဘုရားလောင်းသည် ဒိသာပါမောက္ခ ဆရာကြီး ဖြစ်၏။ တပည့်သည် မယားအပြစ်ကိုမြင်၍ စိတ်အနှောင့်အယှက် ဖြစ်

www.dhammadownload.com



ပြီး ဆရာကြီးထံ မရောက်လာခြင်းကို အကြောင်းပြု၍ ဆရာကြီးက ဆုံးမသော ဂါထာကား.......

မြစ်ဆိပ်သည် သူခပ်သိမ်းတို့အား ဆက်ဆံသကဲ့သို့
ခရီးလမ်းသည် သူခပ်သိမ်းတို့အား ဆက်ဆံသကဲ့သို့
သေတင်းကုပ်သည် သူခပ်သိမ်းတို့အား ဆက်ဆံသကဲ့သို့
ဇရပ်သည် သူခပ်သိမ်းတို့အား ဆက်ဆံသကဲ့သို့
ရေအိုးစင်သည် သူခပ်သိမ်းတို့အား ဆက်ဆံသကဲ့သို့
ထို့အတူပင် လောက၌ မိန်းမတို့မည်သည်
အလုံးစုံသော သူတို့နှင့် ဆက်ဆံကုန်၏။ ထိုမိန်းမတို့အား
ပညာရှိတို့သည် အမျက်ထွက်ကြကုန်၏။

လမ်းအဆုံ သစ်ရိပ်၊ ရေဆိပ်အလား၊ တံတားသဖွယ်၊ ဈေးလယ်မဏ္ဍပ်၊ ဇရပ်မဆောက်၊ သေသောက်အိမ်လှူ၊ ယောကျ်ားပျူလျှင်၊ အနှမရွေး။

(မဃဒေဝ ၃၀၅)

ဆရာကြီး၏ စကားကို ကြား၍ တပည့်သည် မိန်းမ၏ အပြုအမူပေါ်တွင် စိတ်အနှောင့်အယှက် မဖြစ်တော့ဘဲ လျစ်လျူရှုနိုင်လေ၏။ ထိုအခါ မိန်းမသည် ဆရာ သိလေပြီဟု ရိပ်မိ၍ မကောင်းမှုကို မပြုတော့ပေ။

## ဇာတ်ပေါင်းသော်

ထိုအခါ လင်မယားသည် - ယခု လင်မယား၊
ဒိသာပါမောက္ခသည် - ငါဘုရားဖြစ်လာ၏။
ဟု ဇာတ်တော်ကို ပေါင်း၏။

...... :o: ......

www.dhammadownload.com

# ၁၉။ မိန်းမဟူသိ ဆိုက္ကစ္ဆိုကား

(ကေနိပါတ် ၉၄–ဒုရာဇာနဇာတ်)

သမုဒ်၊ ဗြဟ္မဏ၊ မင်း၊ မိန်းမ ဟု၊
အားရဆုံးတိုင်၊ မပြည့်နိုင်နိုး၊ ထိုလေးမျိုးတည်း။
(မဃဒေဝ – ၂၉၇)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်–သီတင်းသည်တစ်ဦးကို အကြောင်းပြု၍ ဟောတော်မူ၏။

ကျောင်းတော်သို့ နေ့စဉ်လာနေကျ သီတင်းသည် တစ်ဦး ခုနစ်ရက်၊ ရှစ်ရက်ကြာမှ ရောက်လာ၍ မြတ်စွာဘုရားမေးတော်မူရာ "တပည့်တော် မိန်းမသည် တစ်ခါတစ်ရံ ငွေဝယ်ကျွန်ကဲ့သို့ တပည့်တော်ကိုရိုသေကျိုးနွံ့ပြီး တစ်ခါတစ်ရံ သခင်မကဲ့သို့ နိုင်ထက်ကလူကြမ်းတမ်းတတ်ပါသည်။ သို့ဖြစ်၍ စိတ်မရှင်းပါသဖြင့် ကျောင်းတော်သို့မရောက်ခြင်းဖြစ်ပါသည်" ဟုလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "သီတင်းသည်အား ရှေးပညာရှိတစ်ဦးက ဤအကြောင်းကို ပြောကြားခဲ့ဖူးသည်ဖြစ်သော်လည်း သင်သည် ဘဝများစွာခြားခဲ့၍ သတိမေ့လျော့နေလေပြီ" ဟု အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်....

ဘုရားလောင်းသည် ဒိသာပါမောက္ခ ဆရာကြီးဖြစ်၍ တပည့်ငါးရာကို သင်ကြားပေးနေ၏။ တစ်ယောက်သော တပည့်သည် ဗာရာဏသီမြို့၌ အိမ်တောင်ကျ၍ ဆရာ့ထံ တစ်နေ့ နှစ်ကြိမ် .သုံးကြိမ် ခ, စား၏။

ထိုတပည့်၏မယားသည်ဖောက်ပြားလေ့ရှိ၏။ ဖောက်ပြားသော နေ့၌ လင်ကိုချော့၏။ ငွေဝယ်ကျွန်မကဲ့သို့ ရိုသေစွာပြုစု၏။ မဖောက်ပြားရသောနေ့၌ လင်အပေါ် ငြူစူမောင်းမဲ၏။ သခင်မကဲ့သို့ပြု၏။ ထိုအခါ ခုနစ်ရက် ရှစ်ရက်ကြာမှ ဆရာထံ အခ, စား ရောက်တတ်၏။ ယခင်ရက်များက မလာသည်ကို

www.dhammadownload.com



မေး၏။ တပည့်က မိမိမယား စိတ်အနှောင့်အယှက်ပြု၍ မရောက်နိုင်ခဲ့ကြောင်းကို စုံအောင်ပြောပြ၏။

## ဝမ်းနည်းဝမ်းသာ မရှိရှာ

ထိုအခါ ဘုရားလောင်း ဒိသာပါမောက္ခ ဆရာကြီးက.....

"လုလင် သင်ပြောသလိုပင် မိန်းမတို့သည် ယုတ်မာသော အကျင့်ကိုပြုတတ်၏။ မိန်းမတို့စိတ်ကို သိနိုင်ခဲ၏။ ထိုမိန်းမတို့ ချစ်သည်ကိုလည်းကောင်း၊ မချစ်သည်ကိုလည်းကောင်း လျစ်လျူရှု၍သာ ထားပေတော့" ဟု တပည့်အားဆုံးမ၍.......

"လုလင် ငါ့ကိုလိုချင်ရှာသည်ဟု မနှစ်သက်(ဝမ်းမသာ နှင့်၊ ငါ့ကိုအလိုမရှိ၍ မစိုးရိမ်(ဝမ်းမနည်း)နှင့်။ ရေထဲ၌ ငါး၏ သွားရာလမ်းခရီးကို သိနိုင်ခဲသကဲ့သို့ မိန်းမတို့၏ အလိုကို သိနိုင်ခဲ၏။

(မိန်းမအလို သဘောကိုလျှင် ရင်ထဲပိုက်ထား ရေ၌ငါးသို့ ထင်ရှားဘယ်ခါ မသိရာဘူး၊ မဃဒေဝ ၂၉၈–၂၁၃)

ဤသို့ ဆရာ၏ အဆုံးအမကို ရသည်မှစ၍ တပည့်သည် မိမိ မယား ဆိုးသည်ဖြစ်စေ၊ နွဲ့သည်ဖြစ်စေ၊ ဂရုမပြု လျစ်လျူရှုလေ၏။ မယားသည် ထိုအဖြစ်ကိုမြင်လျှင် ဆရာသည် ငါ၏ ဖောက်ပြန်မှုကို သိလေပြီဟု ထိတ်လန့်၍ ထိုအခါမှစ၍ ယုတ်မာမှုကို မကျင့်တော့ပေဟူ၍ အတိတ်ဇာတ်ကို ဟောတော်မူ၏။

ထိုအခါမှစ၍ သီတင်းသည်လည်း၊ မိမိမယား၏ ကောင်းမကောင်းအမှုကို ဂရုမပြု လျစ်လျူရှုလေသဖြင့် မယားသည် မြတ်စွာဘုရားသည် ငါယုတ်မာသော အမှုကို သိတော်မူသည်ဟု ထိုနေ့မှစ၍ ယုတ်မာသောအမှုကို မပြုတော့ချေ။

## ဇာတ်ပေါင်းသော်

ထိုလင်မယားသည် – ယခု သီတင်းသည်လင်မယား၊
ဒိသာပါမောက္ခဆရာကြီးသည် – ငါဘုရားဖြစ်သည်
ဟုဇာတ်တော်ကို ပေါင်း၏။

(လက်ရွေးစင် အမှတ် ၄ ပြီး၏။)

www.dhammadownload.com

ဦးလှခင် – ဆန်းညွှန့်ဦး
(လက်ရွေးစင် ငါးရာငါးဆယ် နိပါတ်တော်ကြီး)

အမှတ်(၁) တွင် သစ္စာအမိဋ္ဌာန်နှင့်မေတ္တာခွမ်းအား ဇာတ်တော်များ ဇာတ်ဝတ္ထုပေါင်း ၁၄ ပုဒ်။

အမှတ်(၂) တွင် သိကြားမင်း၏ ခွေးနက်ကြီး ဝတ္ထုပါ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။

အမှတ်(၃) တွင် မိန်းမတို့အကြောင်း အဆိုးအကောင်း ဇာတ်ဝတ္ထုပေါင်း ၁၀ ပုဒ်။

အမှတ်(၄) တွင် ဩော်မိန်းမ–မိန်းမ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။

အမှတ်(၅) တွင် သူ့ကျေးရူး ကိုယ့်ကျေးရူး ဝတ္ထုများ ကျေးရူးဆပ်သူ ကျေးရူးကန်းသူတို့ ဇာတ်ဝတ္ထုပေါင်း ၁၈ ပုဒ်။

အမှတ်(၆) တွင် ဘုရားလောင်းတို့၏ (ပညာပါရမီ) ဇာတ်ဝတ္ထုပေါင်း ၉ ပုဒ်။

အမှတ်(၇) တွင်၁။ ပညာဉာဏ်ကြီးသူများဝတ္ထု (၁၄)ပုဒ်။
၂။ အစွဲအလန်းကြီးများဝတ္ထု (၄)ပုဒ်။

အမှတ်(၈) တွင် ဘုရားလောင်းတို့၏ (ဒါနပါရမီ၊ သီလ၊ ပါရမီ)၊ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။

အမှတ်(၉) တွင် မိတ်ကောင်းဆွေကောင်းများအကြောင်း နှုတ်ကြမ်း စိတ်ကြမ်း ရမ်းကားသူများ အကြောင်း။

နယ်မှမှာယူပါက စာတိုက်မှ VPP ဖြင့် ပို့ပေးပါမည်။
တင်တင်အေး ပိဋကတ် စာပေဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီးတောင်ဘက်ဈေးတော်ရုံ
(လက္ခဏ်နေ့တိုင်း)ဆိုင်ပိတ်ပါသည်။ ရန်ကုန်မြို့။